# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## သူတော်ကောင်းတရား ကြားနာရခြင်း

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၀၂၆)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကြည့်ရှုစစ်ဆေးဆောင်ရွက်

## ကိုကိုးကျွန်းဒေသ၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရမှ ကဏ္ဍအလိုက် ဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ ဒေသခံများအနေဖြင့်လည်း ပိုမိုတိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၅

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား သွားရောက်တွေ့ဆုံအမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းလေဆိပ်သို့ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌လည်းကောင်း၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအား မြို့တော်ခန်းမ၌လည်းကောင်း တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖




နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကိုကိုးကျွန်းမြို့ရှိ မြို့နယ်လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။


**ယနေ့ *ဖတ် စ ရာ***




**သီပေါမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း ထပ်မံဖွင့်လှစ်ပြီး ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

ပြည်တွင်းသတင်း စာ ၃

**ကုန်စည်ပြပွဲအခြေပြု နိုင်ငံတကာဈေးကွက် ဖော်ဆောင်ရေးသို့ ...**

ဆောင်းပါး စာ ၆



**ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ အန္တရာယ်ရှိသည့် မီးခိုးမြူများ လွှမ်းခြုံနေ**

နိုင်ငံတကာသတင်း စာ ၁၄

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**



(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

❖ *ရှေ့ဖုံးမှ*

❑ ကိုကိုးကျွန်းမြို့နေ ကျောင်းသားများ ပညာရေးနှင့်ပတ်သက်၍ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တန်းစဉ်ကူးပြောင်းရာတွင် အောင်ချက်မြင့်မားစေရေး ကျောင်းသား၊ မိဘ၊ ဆရာ ပူးပေါင်း၍ စည်းရုံးဆောင်ရွက်ကြစေလိုကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စနစ်တကျဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်လို

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်ဝန်ကြီးချုပ်က ကိုကိုးကျွန်းဒေသ၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရမှ ကဏ္ဍအလိုက် ဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ ဒေသခံများအနေဖြင့်လည်း ပိုမိုတိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိဒေသမှ ထွက်ရှိသည့် အုန်းနှင့်အုန်းထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများနှင့် ဒေသတွင်ထွက်ရှိသော သရက်၊ နာနတ်ကဲ့သို့သော သီးနှံများကို ရေရှည်ခံတန်ဖိုးမြင့် value added ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ဒေသဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်**

ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ယခင်ကတည်းကပင် မြို့လယ်လမ်းတစ်လျှောက် အုတ်တံတိုင်းများ ကာရံခြင်း၊ မြို့ပတ်ကတ္တရာလမ်းခင်းခြင်း၊ သင်္ဘောဆိပ်ခံတံတား တည်ဆောက်ခြင်း၊ လေယာဉ်ကွင်း တိုးချဲ့ခြင်း၊ ရုပ်သံလိုင်းများရရှိအောင်ဆောင်ရွက်ခြင်း၊ အသားတိုးနွားမျိုး မွေးမြူမှုများဆောင်ရွက်ခြင်း၊ ဆက်သွယ်မှုအဆင်ပြေစေရေးအတွက် တယ်လီဖုန်းလိုင်းများ တပ်ဆင်ခြင်း တို့ကို နိုင်ငံတော်အကြီးအကဲမှ ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းအတွက် အုန်းသီးအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများ၊ အိမ်တွင်းမှုသင်တန်းများနှင့် စက်ချုပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုကိုးကျွန်းမြို့နေ ပြည်သူများ ဒေသဆန်ဖူလုံရေးအတွက် လယ်မြေ၊ ကုန်းမြင့်လယ်မြေများ ဖော်ထုတ်ရန် စီစဉ်ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေရရှိရေးအတွက် လျှို့ပိတ်ဆည်များ၊ ချောင်းပိတ်၊ မြောင်းပိတ် တမံအသေးစားများ ဆောင်ရွက်ပေးနိုင်ရေး၊ အရည်အသွေးကောင်းမွန်သော ကိုကိုးပင်များ၊ အုန်းမျိုးများနှင့် ဝါးပင်များ စိုက်ပျိုးနိုင်ရေးအတွက် မြေနေရာရွေးချယ်ဖော်ထုတ်ပြီး ကွင်းဆင်းလေ့လာခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရေး၊ သက်တမ်းရင့်အုန်းပင်များ အစားထိုးလဲလှယ်စိုက်ပျိုးရန် ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေးလုပ်ငန်းများအပြင် တစ်နိုင်တစ်ပိုင် ကြက်၊ ဝက်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကိုကိုးကျွန်းမြို့နယ်အား ဒေသဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

**အောင်ချက်မြင့်မားစေရေးဆောင်ရွက်**

ထို့ပြင် ကိုကိုးကျွန်းမြို့နေ ကျောင်းသားများ ပညာရေးနှင့်ပတ်သက်၍ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တန်းစဉ်ကူးပြောင်းရာတွင် အောင်ချက်မြင့်မားစေရေး ကျောင်းသား၊ မိဘ၊ ဆရာ ပူးပေါင်း၍ စည်းရုံးဆောင်ရွက်ကြစေလိုကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စနစ်တကျဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ၊ စိုက်ပျိုးရေးမျိုးစေ့များ၊ သုတရသစာအုပ်စာစောင်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် MRTV DTH Set Top Box များ၊ လှူဒါန်း ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာသနမဏ္ဍိုင် ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကိုကိုးကျွန်း နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံသို့ သွားရောက်၍ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိမှုအခြေအနေနှင့် ဒေသတွင်းသောက်သုံးရေရရှိရေး၊ ဒေသခံပြည်သူများအတွက် ရာသီမရွေး ရေချိုဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံတည်ဆောက်မည့်နေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သီပေါမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ထပ်မံဖွင့်လှစ်ပြီး ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ ကျောင်းသား ကျောင်းသူများ အမြန်ဆုံးပညာသင်ကြားနိုင်ရေးအတွက် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ပူးပေါင်း၍ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ သီပေါမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကို အောက်တိုဘာ ၂၂ ရက်တွင်လည်းကောင်း၊ အောက်တိုဘာ ၂၄ ရက်တွင် အမှတ်(၂)အခြေခံပညာမူလတန်း(လွန်)ကျောင်းနှင့် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်းတို့ကိုလည်းကောင်း၊ ယနေ့တွင် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းကိုလည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ရာ ယနေ့အထိ အခြေခံပညာကျောင်း လေးကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။



အဆိုပါကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ယနေ့တွင် ကျောင်းသားကျောင်းသူ ၁၀၁ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၃၃၁ ဦး ကျောင်းတက်ရောက်၍ စာပေပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိပြီး ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြသည်။ ထို့အပြင် ပြည်သူ့ကျန်းမာရေးဌာနမှ ကျောင်းနေအရွယ် အသက် (၁၅)နှစ်အောက် ကျောင်းသား ကျောင်းသူ ၁၄၀ အား ကာကွယ်ဆေးထိုးနှံပေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ယနေ့တွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ(ဘော်ကြို)ကျောင်းများ၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ကျောင်းဝင်းအတွင်း/အပြင်နှင့် စာသင်ဆောင်များ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၆ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာနှစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာ၌ ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသပေးနေမှု ကြည့်ရှုအားပေး






**နေပြည်တော် အောက်တိုဘာ ၂၅**
ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက ခုတင် (၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး (နေပြည်တော်)နှင့် ခုတင် (၁၀၀)ဆံ့ပြည်သူ့ဆေးရုံ(တပ်ကုန်း)တို့မှ အထူးကုဆရာဝန်ကြီးများက တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာ၌ ကွင်းဆင်းဆေးဝါးကုသမှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။ **(အပေါ်ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် လုပ်ငန်းကော်မတီအဖွဲ့သည် တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာရှိ မင်္ဂလာရန်အောင် ကျောင်းတိုက်တွင် အုန်းပင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ ဖြစ်သည့် တောင်ပို့သာ၊ သကြားဟင်းအိုး၊ သစ်ဆိမ့်ပင်၊ ဆူးတက်၊ ကျောက်စရစ်ကုန်း၊ ကျွဲလည်ပင်း၊ ချင်းစုနှင့် ကြာပင်အင်းကျေးရွာတို့မှ ဒေသခံပြည်သူများအား အထူးကုဆရာဝန်ကြီးများပါဝင်သည့် ကျန်းမာရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုနှင့် လူသုံးကုန်နှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအတွက် ဗုဒ္ဓဆင်းတုရုပ်ပွားတော်များနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် ၂၀၂၆ ခုနှစ် ပြက္ခဒိန်များအား ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျေးရွာပြည်သူလူထုနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မီဒီယာအနေဖြင့် အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းစဉ်များအတိုင်း သတင်းအချက်အလက်များကို စဉ်ဆက်မပြတ်ထုတ်ပြန်ပေးခြင်းနှင့် အသိပညာမျှဝေပေးခြင်းတို့အပြင် အနုပညာရှင်များနှင့်ပေါင်းစပ်၍ သဘာဝဘေးသင့်ဒေသများသို့ သွားရောက်ပြီး စာနာမှု၊ အားပေးမှုနှင့် စိတ်ခွန်အားမြှင့်တင်မှုတို့အတွက် ဖျော်ဖြေရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျေးလက်နေပြည်သူများအနေဖြင့် မိမိတို့ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းပြီး တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ရာဂီမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အုန်းပင် – တောင်ပို့သာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ လယ်ငယ်ချောင်းကူးတံတားအား သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့က အရှည်ပေ ၃၀၀ ရှိ သံကူကွန်ကရစ် ချောင်းကူးတံတား ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေနှင့် ဆည်မြောင်းဦးစီးဌာနက ရာဂီမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပွဲစားရေလွှဲဆည်အား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် သားခိုတောင် မဟာအတုလ လောကရန်အောင် ဆုတောင်းပြည့် စေတီတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး စေတီတော်မြတ်ကြီး ဘက်စုံပြုပြင် မွမ်းမံရန်အတွက် အလှူငွေအား စေတီတော်ဂေါပကတာဝန်ရှိသူထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရှေးဟောင်းသမိုင်းဝင်သားခိုတောင်ဒေသအား ပြည်သူများ လာရောက်လေ့လာနိုင်မည့် ဒေသန္တရခရီးစဉ်တစ်ခုအဖြစ်ဖော်ဆောင်ကာ ညောင်ပင်သာအပန်းဖြေစခန်းနှင့် တွဲဖက်၍ ခရီးသွားဧည့်သည်များ လာရောက်ခြင်းဖြင့် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး ဝင်ငွေတိုးတက်စေမည့် အစီအမံများနှင့် ပတ်သက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သားခိုတောင် မဟာအတုလ လောကရန်အောင် ဆုတောင်းပြည့်စေတီသည် တပ်ကုန်းမြို့၏ အရှေ့ဘက် မိုင် ၂၀ ခန့်အကွာ အုန်းပင်ကျေးရွာတွင် တည်ရှိပြီး သမိုင်းဝင်နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဂန့်ဂေါမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်

**ဂန့်ဂေါ အောက်တိုဘာ ၂၅**
ဂန့်ဂေါမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်ပွဲနှင့်လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဂန့်ဂေါမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ဂန့်ဂေါခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းထွဋ်အောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်လွင်က အီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်ပတ်သက်သည့် ဖွဲ့စည်းတည်ဆောက်ပုံနှင့် အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်လွင်က အီလက်ထရောနစ်မဲပေးစက်အသုံးပြုနည်းများကို ရှင်းလင်းပြသပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

**မောင်မျိုးမင်း**

## (၁၀)ကြိမ်မြောက် ထိုင်းတက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၅**
ရန်ကုန်ရှိ ထိုင်းသံရုံး၏ ပံ့ပိုးကူညီမှုဖြင့် ထိုင်းတက္ကသိုလ်ဘွဲ့ရမြန်မာကျောင်းသားများအသင်း (Association of Myanmar Alumni from Universities in Thailand – AMAUT) က ကြီးမှူးကျင်းပမည့် (၁၀)ကြိမ်မြောက် ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲ 10th Thailand Education Fair (Myanmar)ကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel Yangon ၌ ကျင်းပသွားမည်ဖြစ်သည်။

ယင်း ပညာရေးပြပွဲတွင် ထိုင်းနိုင်ငံမှ နိုင်ငံတကာအဆင့်မီ နာမည်ကျော်တက္ကသိုလ် ၂၂ ခုမှ ပါဝင်ပြသမည်ဖြစ်ပြီး မြန်မာကျောင်းသား ကျောင်းသူများအနေဖြင့် တက္ကသိုလ်၊ ကောလိပ်များ၊ ပညာရေးအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များထံမှ သတင်းအချက်အလက်များကို တစ်ပြိုင်နက်တည်း ရယူနိုင်မည်ဖြစ်သည်။

အဆိုပါ ထိုင်းတက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲတွင် ထိုင်းနိုင်ငံရှိ Assumption Unversity၊ Bangkok University၊ Dhurakij Pundit University (DPU)၊ Payap University၊ Prince of Songkla University (PSU, Phuket Campus)၊ Prince of Songkla University (PSU)၊ Prince of Songkla University (PSU), Faculty of Medicine၊ Raffles International College၊ Stamford University၊ Thammasat Business School, Thammasat University၊ University of the Thai Chamber of Commerce (UTCC) စသည့် တက္ကသိုလ်များမှ တိုက်ရိုက်ဆွေးနွေးမှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ ကျောင်းသားကျောင်းသူများအနေဖြင့် ကွန်ရက်များချိတ်ဆက်နိုင်မည့် ပညာရေးပြပွဲသို့ မည်သူမဆို ဝင်ကြေးအခမဲ့ဖြင့် လာရောက်လေ့လာနိုင်ကြောင်း၊ From Study to Success: Future–Ready Skills, Career Pathways, and Scholarship Opportunities in Thailand အကြောင်းတို့ကို AMAUT တာဝန်ရှိသူများက ဆွေးနွေးပြောကြားမည် ဖြစ်ကြောင်း သိရသည်။

ယင်းပညာရေး ပြပွဲသို့ တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ International students with O level, A level၊ တက္ကသိုလ်တက်ရောက်နေသူများ၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ တက်ရောက်လိုသူများအတွက် ပညာသင်ထောက်ပံ့ကြေး Scholarship ပုံစံအမျိုးမျိုးဖြင့် ပညာသင်ယူရန် စိတ်ဝင်စားသူများ အခမဲ့မည်သူမဆို လာရောက် လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

## ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး နည်းပညာအသိပေးဆွေးနွေး

**ညောင်လေးပင် အောက်တိုဘာ ၂၅**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာအသိပေး ဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးစိုးနိုင်က ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ဓာတ်ကြွင်းကင်းစင်ရေး နည်းပညာများကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသော တောင်သူများ၏ သိရှိလိုသည်များကိုမေးမြန်းရာ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးမွေးမြူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ပိုးသတ်ဆေး အရောင်းဆိုင်ရှင်များ၊ ရပ်/ ကျေး အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူ စုစုပေါင်း ၁၇၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပြည့်စုံကျော်**
**(ညောင်လေးပင်)**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း တရုတ်အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုဌာနနှင့် International Renewable Energy Agency (IERNA) တို့က ကြီးမှူးကျင်းပသော စွမ်းအင်အသွင်ကူးပြောင်းမှု အပြည်ပြည်ဆိုင်ရာဖိုရမ် -၂၀၂၅ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စူးကျိုးမြို့၌ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့က တရုတ်အမျိုးသား စွမ်းအင်စီမံခန့်ခွဲမှုဌာနနှင့် International Renewable Energy Agency (IERNA)တို့က ကြီးမှူးကျင်းပသော စွမ်းအင်အသွင်ကူးပြောင်းမှု အပြည်ပြည်ဆိုင်ရာ ဖိုရမ် -၂၀၂၅ သို့ တက်ရောက်သည်။

စွမ်းအင်အသွင်ကူးပြောင်းမှု အပြည်ပြည်ဆိုင်ရာ ဖိုရမ်-၂၀၂၅ တွင် တရုတ်အမျိုးသား စွမ်းအင်စီမံခန့်ခွဲမှုဌာနမှ ဥက္ကဋ္ဌဖြစ်သူ မစ္စတာ ဝမ်ဟုန်ကျွင့်၊ International Renewable Energy Agency (IERNA) မှ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဖရန်ဆက်စကို လာကမ်မီလာ၊ ကျန်းစူး ပြည်နယ်အုပ်ချုပ်ရေးမှူး လျူရှောက်ထိုတို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့ခေတ်တွင် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေပြီး ကမ္ဘာ့ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုရှိသော စွမ်းအင်လုံခြုံရေးသည် လူသားအားလုံးအတွက် ဦးစားပေးကိစ္စရပ်များထဲမှ တစ်ခုဖြစ်ပါကြောင်း၊ ကာဗွန်ထုတ်လွှတ်မှု၏ သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အကြီးစားစီမံကိန်းများအပြင် အသေးစား ပြန်ပြည့်မြဲ စွမ်းအင်စီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊ အရင်းအမြစ်များအား မျှဝေအသုံးပြုခြင်းနှင့် နျူကလီးယားစွမ်းအင်ကဲ့သို့သော သန့်ရှင်းသည့် စွမ်းအင်အသစ်များလည်း ပါဝင်ပါကြောင်း၊ ၂၀၂၅ ခုနှစ် စက်တင်ဘာလ မတိုင်မီကာလအထိ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် ရေအားလျှပ်စစ် ၅၁ ရာခိုင်နှုန်း၊ နေရောင်ခြည်စွမ်းအင် ၄ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၄၀ ရာခိုင်နှုန်း၊ ကျောက်မီးသွေး ၂ ရာခိုင်နှုန်းနှင့် ဒီဇယ် ၃ ရာခိုင်နှုန်း စသည့် အချိုးအစားများဖြင့် စုစုပေါင်း ၆၃၅၇ မဂ္ဂါဝပ်အထိ ရှိပါကြောင်း၊ နှစ်စဉ်တိုးတက်လာသော လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် မြန်မာနိုင်ငံသည် အမျိုးသားလျှပ်စစ် ဓာတ်အားရရှိရေးပင်မစီမံချက် (၂၀၃၀ အထိ) ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် သဘာဝဓာတ်ငွေ့နှင့်ရေအားလျှပ်စစ်ကို အဓိကအားထားလျက်ရှိပြီး နိုင်ငံတော် လျှပ်စစ်ပြည့်ဝစွာသုံးစွဲနိုင်ရေးမှာ ဂေဟဗေဒဆိုင်ရာ ထိခိုက်မှုနည်းသည့် ပြန်ပြည့်မြဲစွမ်းအင် ပိုမိုသုံးစွဲရာတွင် ဓာတ်အားလိုင်း တည်ငြိမ်မှုဆိုင်ရာ ပြဿနာများကို ဖြစ်ပေါ်စေသည့် ကိစ္စရပ်များကို ဖြေရှင်းရန် ဗျူဟာမြောက် လိုအပ်ချက်တစ်ရပ် ဖြစ်ပါကြောင်း၊ ကျောက်မီးသွေး စွမ်းအင်အသုံးပြုမှုကို ၂၀၃၀ ပြည့်နှစ် အထိသာ ဆက်လက်အသုံးပြုရန်နှင့် ၂၀၅၀ ပြည့်နှစ်တွင် ကျောက်မီးသွေး စွမ်းအင်အသုံးပြုမှု ရပ်ဆိုင်းသွားရန် ရည်မှန်းချက်များရှိပါကြောင်း၊ လက်ရှိအချိန်တွင် နေရောင်ခြည်စွမ်းအင် ဓာတ်အားပေးစက်ရုံ ရှစ်ရုံ (၂၄၀ မဂ္ဂါဝပ်) အသေးစား နေရောင်ခြည် စွမ်းအင် ဓာတ်အားပေးစက်ရုံများမှ ၂၃ မဂ္ဂါဝပ် ခန့် တပ်ဆင်ထားရှိပါကြောင်း ၊ နေရောင်ခြည်စွမ်းအင် စီမံကိန်းများအတွက် အကောက်ခွန် ကင်းလွတ်ခွင့် မူဝါဒများ ချမှတ်ပေးလျက်ရှိပါကြောင်း၊ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်သဘောတူညီချက် (UNFCCC) နှင့်အညီ မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် (NDC) ကို ရေးဆွဲအတည်ပြုခဲ့ပြီး ယင်း NDC တွင် ပြည်တွင်းအရင်းအမြစ်များဖြင့် အကောင်အထည်ဖော်မည့် ရည်မှန်းချက်နှင့် နိုင်ငံတကာမှ ပံ့ပိုးကူညီမှုရရှိပါက အကောင်အထည်ဖော်နိုင်မည့် ရည်မှန်းချက်နှစ်ရပ်ကို သတ်မှတ်ထားရှိပါကြောင်း။




၂၀၃၀ ပြည့်နှစ်တွင် ရေအားလျှပ်စစ် မပါဝင်သော ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍတွင် ပြည်တွင်းအရင်းအမြစ်များဖြင့် အကောင်အထည်ဖော်မည့် ရည်မှန်းချက်မှာ ၁၁ ရာနှုန်း (၂၀၀၀ မဂ္ဂါဝပ်) ဖြစ်ပြီး လုံလောက်သော နိုင်ငံတကာပံ့ပိုးမှုရရှိပါက ၁၇ ရာနှုန်း (၃၀၇၀ မဂ္ဂါဝပ်) အထိ တိုးမြှင့်နိုင်ရန် ရည်ရွယ်ထားပါကြောင်း၊ ယင်းသို့ အောင်မြင်မှုရရှိပါက ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုရာခိုင်နှုန်းကို အတိုင်းအတာတစ်ခုအထိ လျှော့ချသွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၆ ခုနှစ်မှ ၂၀၄၅ ခုနှစ်အထိ နောက်ထပ် အနှစ် ၂၀ အတွက် စွမ်းအင်အသစ် ဖွံ့ဖြိုးရေးအစီအစဉ်နှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု ပုံစံသစ်ကိုလည်း ရေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုမှာ အဓိကကျပြီး နိုင်ငံတကာ၏ကူညီထောက်ပံ့မှုများလည်း လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားစွမ်းအင်စီမံအုပ်ချုပ်ရေးအဖွဲ့ (National Energy Administration– NEA) ၏ ဥက္ကဋ္ဌဖြစ်သူ မစ္စတာ ဝမ်ဟုန်ကျွင့်နှင့်အဖွဲ့အား တွေ့ဆုံ၍ ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်း စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်သည့် လျှပ်စစ်စီမံကိန်းများအတွက် နှစ်နိုင်ငံကြား ပိုမိုနီးကပ်စွာ ဆွေးနွေး၍ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးကို နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# လယ်ဝေးမြို့နယ် ရာဇသင်္ဂဟလမ်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၅**



နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင်များနှင့်အတူ တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာ မင်္ဂလာရန်အောင် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ နေပြည်တော် ပြည်သူ့ဆေးရုံ ခုတင်(၃၀၀)နှင့် တပ်ကုန်းမြို့ ပြည်သူ့ဆေးရုံ ခုတင်(၁၀၀)တို့မှ အထူးကုဆရာဝန်ကြီးများက ကွင်းဆင်းဆေးကုသပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးပြီး လာရောက်ဆေးကုသမှု ခံယူသူများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် ရာဇသင်္ဂဟလမ်းသို့ သွားရောက်၍ လမ်းဘေး ဝဲ/ယာ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ လမ်းလယ်ကျွန်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေး ရာသီအလိုက် ပန်းအလှပင်များနှင့် အရိပ်ရအပင်များ ထပ်မံစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စိုက်ပျိုးသည့်အပင်များ ရှင်သန်ကြီးထွားအောင် စိုက်ပျိုးကြရန်၊ လမ်းဥပဓိရုပ် ကောင်းမွန်စေရေး၊ လမ်းဘေး ဝဲ/ယာ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး အလေးထားဆောင်ရွက်သွားရန်၊ လမ်းညွှန်ဆိုင်းဘုတ်များ၊ ရပ်ကွက်/ကျေးရွာဆိုင်းဘုတ်များကို စနစ်တကျ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း တစ်လျှောက် လမ်းပိုင်းများ၊ လမ်းဘေးပလက်ဖောင်းများနှင့် ကပ်တုံးများ ပြန်လည်ပြုပြင်နေမှု အခြေအနေများနှင့် လမ်းဘေးမြေယာရှုခင်းများ သန့်ရှင်းသာယာရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများ အပိုင်းလိုက် အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ လူအင်အား၊ စက်ယန္တရားအင်အား တိုးမြှင့်ဆောင်ရွက်ရေး၊ ရေရှည်တည်တံ့မှုရှိစေရန် ပြုပြင်ထိန်းသိမ်းရေး၊ အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ လုပ်ငန်းခွင်တွင် အသုံးပြုရေး၊ သဘာဝဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

---

# ငါန်းဇွန်မြို့နယ်၌ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်(အကြို) အသိပညာပေးဟောပြော

**ငါန်းဇွန် အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်(အကြို) အသိပညာပေးဟောပြောပွဲကို ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ



Gread–9 ကျောင်းသား ကျောင်းသူများဖြင့် အောက်တိုဘာ ၂၃ ရက်က ကျင်းပသည်။ အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နေခြည်ဦးက “အမျိုးသားအောင်ပွဲနေ့” စတင်ဖြစ်ပေါ်လာပုံ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငါန်းဇွန်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ချိုမြင့်ကြည်က လူငယ်အသိပညာပေးဟောပြောရာ“လူငယ်နှင့်ပညာရေး” ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ပြီး မြို့နယ်ရုံးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား စာအုပ်စာစောင်ပြသခြင်း၊ သဘာဝဘေးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်ပြသခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့သည်။ **ကိုကိုနိုင်(ပြန်/ဆက်)**

---

# ဝေါမြို့နယ်၌ ကျန်းမာရေး အသိပညာပေးဟောပြော

**ဝေါ အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးဆောင်ကာ မိခင်နှင့်ကလေးကျန်းမာရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၃ ရက်က မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆုဝေကျော်က ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ကိုယ်ဝန်ဆောင်စဉ် အာဟာရပြည့်ဝစွာ စားသုံးရေးအသိပညာပေးခြင်း၊ ကိုယ်ဝန်ဆောင်များတွင် ဖြစ်ပွားတတ်သော သွေးတိုးရောဂါနှင့် ဆီးချိုရောဂါအကြောင်း၊ မြို့နယ်ကုသရေးဦးစီးဌာနမှ သွားဆရာဝန် ဒေါက်တာထက်ထက်စံက ကိုယ်ဝန်ဆောင်များတွင်ဖြစ်ပွားသော သွားပိုးစားခြင်းရောဂါအကြောင်း အသိပညာပေး ဟောပြောသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကုန်စည်ပြပွဲအခြေပြု နိုင်ငံတကာ ဈေးကွက်ဖော်ဆောင်ရေးသို့ …

Dr. သက်လွင်ဦး (Myantrade)

ကုန်စည်ပြပွဲလုပ်ငန်း (Exhibition Industry) ကို စနစ်တကျနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်စေခြင်းက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသလို နိုင်ငံအတွင်း နိုင်ငံတကာဈေးကွက်ဖွံ့ဖြိုးမှုနဲ့ နိုင်ငံရဲ့ပုံရိပ်ကို မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံတွေမှာ ဒေသအတွင်းနဲ့ နိုင်ငံတကာ ကုန်စည်ပြပွဲတွေကို လက်ခံကျင်းပခြင်းဖြင့် နိုင်ငံရဲ့ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနဲ့ ဒေသခံတွေရဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အဓိကကျတဲ့ အခန်းကဏ္ဍမှရပ်တည်လျက်ရှိတာကို တွေ့ရပါတယ်။

ကုန်စည်ပြပွဲက နိုင်ငံ့စီးပွားရေးမောင်းနှင်အားဖြစ်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု(FDI)မှာ အဓိကအခန်းကဏ္ဍမှ ပါဝင်သလို နိုင်ငံရဲ့ စီးပွားရေးနဲ့ ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားတစ်ခုလည်း ဖြစ်ပါတယ်။ ကုန်စည်ပြပွဲကျင်းပခြင်းကြောင့် မိမိနိုင်ငံကို နိုင်ငံတကာစီးပွားရေးရဲ့ ဈေးကွက်ဗဟိုချက် (Business Hub) အဖြစ် တည်ဆောက်နိုင်ပါတယ်။

ကုန်စည်ပြပွဲက အဆင့်မြင့်ခရီးသွားလုပ်ငန်း (High-value Tourism) မြှင့်တင်ရေးလုပ်ငန်းတစ်ခုဖြစ်ပြီး ခရီးသွားလာရေးကဏ္ဍကနေ နိုင်ငံရဲ့ GDP ကို တိုးတက်စေနိုင်ပါတယ်။ ကုန်စည်ပြပွဲပလက်ဖောင်းဟာ မိမိထုတ်ကုန်တွေကို ကမ္ဘာ့ဈေးကွက်သို့ မိတ်ဆက်ခြင်း၊ နိုင်ငံတကာကုန်သည်တွေနဲ့ Networking တည်ဆောက်ခြင်း၊ ကုန်အမှတ်တံဆိပ် အသိပညာနဲ့ ဈေးကွက်ရဲ့ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေတွေကို လေ့လာနိုင်ခြင်း စတဲ့ အကျိုးကျေးဇူးတွေ ရရှိနိုင်ပါတယ်။

ကုန်စည်ပြပွဲကျင်းပခြင်းဆိုင်ရာ လုပ်ငန်းကို နိုင်ငံတကာမှာ MICE Industry လို့ အတိုကောက်ခေါ်ဆိုပါတယ်။ MICE Industry ဆိုတာက Meetings (အစည်းအဝေးကျင်းပခြင်း)၊ Incentives (ဆက်စပ်အကူအညီပေးရေးလုပ်ငန်းများ၊ ဥပမာ-ဟိုတယ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ဘဏ်လုပ်ငန်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းများ)၊ Conferences (ညီလာခံ၊ စီးပွားရေးတွေ့ဆုံပွဲ)၊ Exhibitions (ကုန်စည်ပြပွဲနဲ့ အခမ်းအနားများ) ပေါင်းစပ်ဆောင်ရွက်ခြင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ကမ္ဘာ့နိုင်ငံတွေက သူတို့နိုင်ငံမှာ ဒေသဆိုင်ရာ ကုန်စည်ပြပွဲနဲ့ ထုတ်ကုန်အခြေပြု ကုန်စည်ပြပွဲတွေ လက်ခံကျင်းပနိုင်အောင် လုပ်ထုံးလုပ်နည်းတွေ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။




မြန်မာ-တရုတ် စီးပွားရေးကုန်စည်ပြပွဲကို ၂၀၂၃ ခုနှစ်တွင် နေပြည်တော်၌ ကျင်းပစဉ်။

## မှတ်သားဖွယ်မြန်မာ့ကုန်စည်ပြပွဲများ

မြန်မာနိုင်ငံမှာ နိုင်ငံတော်အဆင့် ကုန်စည်ပြပွဲတွေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက်မှာ ကုန်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပခဲ့ပါတယ်။ **"မြန်မာကုန်စည်ပြပွဲ - ၉၄"** ကို ၁၉၉၄ ခုနှစ် ဧပြီလ ၁ ရက်ကနေ ၁၂ ရက်နေ့အထိ ကုန်သွယ်မှုဗဟိုဌာန(ရန်ကုန်)မှာ **"ပို့ကုန်မြင့်မား ပြည့်စွမ်းအား"** ဆောင်ပုဒ်နဲ့ တစ်ကြိမ်၊ **"မြန်မာကုန်စည်ပြပွဲ - ၉၅"** ကို ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့ကနေ မတ်လ ၃ ရက်နေ့အထိ ရန်ကုန်မြို့ သိမ်ကြီးဈေးရှိမြန်မာ့ကုန်တိုက်မှာ **"ကုန်သွယ်မှုမှ ဝေမျှခံစား အကျိုးစီးပွား"** ဆောင်ပုဒ်နဲ့ တစ်ကြိမ်နဲ့ **"မြန်မာကုန်စည်ပြပွဲ-၉၆"** ကို ၁၉၉၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက်ကနေ ၂၅ ရက်နေ့အထိ ကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်)မှာ မြန်မာ့ခရီးသွားနှစ် ဆောင်ပုဒ်နဲ့တစ်ကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဒါ့အပြင် မြန်မာ-တရုတ် နယ်စပ်ကုန်စည်ပြပွဲကို ကုန်သွယ်ရေးဝန်ကြီးဌာန (စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)နဲ့ တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရတို့ ပူးပေါင်းပြီး မူဆယ်မြို့နဲ့ တရုတ်နိုင်ငံ ရွှေလီမြို့တို့မှာ ၂၀၀၄ ခုနှစ်ကနေစပြီး နှစ်စဉ် ဒီဇင်ဘာလမှာ အလှည့်ကျ ကျင်းပပြုလုပ်ခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်ကနေ ၇ ရက်အထိ **"The First CLMTV-ECS Trade Fair - 2004"** ကို **"Towards Prosperity of Five Nations"** ဆောင်ပုဒ်နဲ့ မြန်မာနိုင်ငံက ဦးဆောင်ပြီး ရန်ကုန်မြို့ Myanmar Convention Center မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

နောက်ပိုင်းမှာ တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို ရန်ကုန်မြို့မှာ ၂၀၁၈ ခုနှစ်နဲ့ ၂၀၁၉ ခုနှစ်တို့မှာ နှစ်ကြိမ် လက်ခံကျင်းပခဲ့ပါတယ်။ မြန်မာ-တရုတ် (လင်ချန်း) ကုန်စည်ပြပွဲကို ၂၀၁၉ ခုနှစ်မှာ လားရှိုးမြို့နဲ့ ၂၀၂၃ ခုနှစ်မှာ နေပြည်တော်တို့မှာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

## မြန်မာနိုင်ငံ၏ ကုန်စည်ပြပွဲလုပ်ထုံးလုပ်နည်း

ကုန်စည်ပြပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေကို စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနရဲ့ မြန်မာနိုင်ငံ ပို့ကုန်/သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ(၂၀၁၅) မှာ ကုန်စည်ပြပွဲကျင်းပခြင်းအတွက် ကဏ္ဍတစ်ခုအဖြစ် ထည့်သွင်းဖော်ပြခဲ့ပါတယ်။

**စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကုန်စည်ပြပွဲလုပ်ငန်းတွေ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သတင်းလွှာ ၁/၂၀၂၅ ကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်မှာ ထုတ်ပြန်ခဲ့ပြီး ဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များနဲ့ စီးပွားရေးအဖွဲ့အစည်းများကို ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။**

အဲဒီ လုပ်ထုံးလုပ်နည်း သတင်းလွှာမှာပါတဲ့ ပြည်တွင်းကုန်စည်ပြပွဲများ ကျင်းပရာမှာ လုပ်ငန်းရှင်တွေ သိသင့်တဲ့ အချက်အလက်အချို့ကို ကောက်နုတ်တင်ပြလိုပါတယ်။

## ကုန်စည်ပြပွဲကျင်းပခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီတွေဟာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှာ ပြပွဲစီစဉ်ကျင်းပသူ(Organizer) အဖြစ် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(မိတ္တူ)၊ Company Director List၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် (မိတ္တူ)၊ ကုမ္ပဏီရဲ့ အခွန်ထမ်းဆောင်မှု (၃ နှစ်စာ)၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်၊ သက်ဆိုင်ရာအသင်းရဲ့ ထောက်ခံချက်တွေနဲ့ မှတ်ပုံတင် လျှောက်ထားနိုင်ပါတယ်။

ပြပွဲစီစဉ်ကျင်းပသူ (Organizer) တွေအနေနဲ့ ပြည်တွင်း ကုမ္ပဏီ/လုပ်ငန်းရှင်တွေ စုပေါင်းပြသတဲ့ ကုန်စည်ပြပွဲတွေကို သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့တွေရဲ့ ခွင့်ပြုချက်နဲ့ ဆောင်ရွက်နိုင်ပါတယ်။ ပြည်ပနိုင်ငံတွေကနေ လာရောက်ပြသခြင်း၊ ပူးပေါင်းပြသခြင်းနဲ့ ပြည်ပဝယ်ယူသူတွေကို ဖိတ်ခေါ်ခြင်းစတဲ့ ကုန်စည်ပြပွဲတွေကိုတော့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကနေ ခွင့်ပြုချက် ရယူဆောင်ရွက်ရမှာဖြစ်ပါတယ်။

ကုန်စည်ပြပွဲ ခွင့်ပြုမိန့်ကို ပြပွဲကျင်းပမယ့်ရက် မတိုင်မီ အနည်းဆုံး သုံးလကြိုတင်ပြီး စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကို လိပ်မူပြီး ကုန်စည်ပြပွဲအမည်၊ ကျင်းပမယ့်နေ့ရက်/အချိန်၊ ကျင်းပမယ့်နေရာဒေသ၊ ပြသမယ့် ပစ္စည်းအမျိုးအစား၊ ပြည်တွင်းထုတ်ကုန် (သို့မဟုတ်) ပြည်ပမှ တင်သွင်းကုန်ဖြစ်ကြောင်း ဖော်ပြချက်၊ ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) မှတ်ပုံတင်လက်မှတ် (မိတ္တူ)၊ ပြည်တွင်းနဲ့ ပြည်ပကုမ္ပဏီ၊ အဖွဲ့အစည်း ပူးပေါင်းကျင်းပတဲ့ ပြပွဲဖြစ်ရင် ပြည်တွင်းမှ ပြပွဲစီစဉ်ကျင်းပသူနဲ့ ပြည်ပမှ တာဝန်ခံစီစဉ်ကျင်းပသူ (Foreign Organizer) တို့အကြား ချုပ်ဆိုထားတဲ့ သဘောတူညီချက်(မိတ္တူ)၊ လုံခြုံရေးကိစ္စရပ်တွေကို ဆောင်ရွက်မယ့် အစီအမံနဲ့ လုံခြုံရေးကိစ္စရပ်တွေကို တာဝန်ယူမှာဖြစ်ကြောင်း ကတိခံဝန်ချက်၊ ပြပွဲကျင်းပမယ့် ပြပွဲခန်းမငှားရမ်းခြင်းအတွက် ပဏာမသဘောတူညီချက် အထောက်အထား(မိတ္တူ)၊ ပြပွဲအတွက် တာဝန်ပေးအပ်ထားတဲ့ ဆိပ်ကမ်းရှင်းလင်းရေးနဲ့ အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ် အမည်/ကုမ္ပဏီ အမည်နဲ့ လွှဲအပ်စာမူရင်းတို့ကို တင်ပြလျှောက်ထားရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ တရားဝင်မှတ်ပုံတင်ထားတဲ့ စီးပွားရေးသမဝါယမအသင်းအဖွဲ့တွေ၊ ကုန်သည်အသင်းအဖွဲ့တွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ သံရုံးတွေက ပြည်တွင်းမှာ ကုန်စည်ပြပွဲကျင်းပလိုရင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှာ တရားဝင်မှတ်ပုံတင်ထားတဲ့ မြန်မာကုမ္ပဏီတစ်ခုကို ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) အဖြစ် တာဝန်ပေးပြီး ဆောင်ရွက်နိုင်ပါတယ်။

## ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ၏ တာဝန်များ

ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) တွေအနေနဲ့ အောက်ပါအချက်တွေကို တာဝန်ယူဆောင်ရွက်ရမှာဖြစ်ပါတယ်-

- ကုန်စည်ပြပွဲ ကျင်းပခွင့်ပြုမိန့်ရရှိရေးနဲ့ ပြပွဲမှာ ပြသမယ့်ပစ္စည်းတွေ တင်သွင်း၊ တင်ပို့ခွင့်ရရှိရေး ဆောင်ရွက်ခြင်း၊
- ပြည်ပမှ လုပ်ငန်းရှင်တွေ ပြည်တွင်းကို လာရောက်ရာမှာ သွားလာတည်းခိုနေထိုင်ရေး အဆင်ပြေစေဖို့အတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊
- ပြပွဲခန်းမရရှိရေး၊ ပြခန်းတည်ဆောက်ခြင်း၊ On Site Handling ကိစ္စတွေ စီစဉ်ဆောင်ရွက်ခြင်း၊
- သတင်းမီဒီယာတွေမှာ ကြော်ငြာခြင်း၊ ဖွင့်ပွဲအခမ်းအနားနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပပြုလုပ်ခြင်း၊

*စာမျက်နှာ ၇ သို့*

● **ကုန်စည်ပြပွဲကျင်းပခြင်းဆိုင်ရာလုပ်ငန်းကို နိုင်ငံတကာမှာ** MICE Industry **လို့ အတိုကောက်ခေါ်ဆိုပါတယ်။** MICE Industry **ဆိုတာက** Meetings **(အစည်းအဝေးကျင်းပခြင်း)၊** Incentives **(ဆက်စပ်အကူအညီပေးရေးလုပ်ငန်းများ၊ ဥပမာ-ဟိုတယ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ဘဏ်လုပ်ငန်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းများ)၊** Conferences **(ညီလာခံ၊ စီးပွားရေးတွေ့ဆုံပွဲ)၊** Exhibitions **(ကုန်စည်ပြပွဲနဲ့ အခမ်းအနားများ) ပေါင်းစပ်ဆောင်ရွက်ခြင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ကမ္ဘာ့နိုင်ငံတွေက သူတို့နိုင်ငံမှာ ဒေသဆိုင်ရာကုန်စည်ပြပွဲနဲ့ ထုတ်ကုန်အခြေပြု ကုန်စည်ပြပွဲတွေ လက်ခံကျင်းပနိုင်အောင် လုပ်ထုံးလုပ်နည်းတွေ ချမှတ်ဆောင်ရွက်လျက်ရှိ**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၆၃ ရက် သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

❖ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊

❖ လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅) ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅) ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ကြောင်း၊

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြား သံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း။

## မြောင်းမြမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး

မြောင်းမြ အောက်တိုဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲနှင့် တာဝန်ကျဌာနဆိုင်ရာများ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လွယ်ကူစွာ ဆန္ဒမဲပေးတတ်စေရန်ရည်ရွယ်၍ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) အကြောင်းအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးမှု သရုပ်ပြသခြင်းကို ယနေ့ နံနက် ၁၁ နာရီက အမှတ် ( ၉) ရပ်ကွက်၌ ပြုလုပ်ခဲ့သည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးလှအောင်က မဲပေးစက်ဆိုင်ရာများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောသည်။



ထို့နောက် တက်ရောက်လာသည့် ပြည်သူများက တစ်ဦးချင်း ကိုယ်တိုင် စမ်းသပ်မဲပေးခြင်းများကို လက်တွေ့ဆောင်ရွက်ခဲ့ကြသည်။

ဇေယျာ(မြောင်းမြ)

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၅

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

မြန်မာ့အလင်း

*စာမျက်နှာ ၆ မှ*

- ကုန်စည်ပြပွဲမှာ လာရောက်ပြသတဲ့ လုပ်ငန်းရှင်တွေ၊ လေ့လာသူတွေရဲ့ လုံခြုံရေးနဲ့ မီးဘေးလုံခြုံရေးတို့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ ဆောင်ရွက်ခြင်း၊
- သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့နဲ့ ညှိနှိုင်းပြီး ကုန်စည်ပြပွဲမှာ ပြသ၊ လေ့လာသူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပြပွဲမှာ ခင်းကျင်းရောင်းချမယ့် စားသောက်ဆိုင်တွေရဲ့ အစားအသောက်တွေ အန္တရာယ်ကင်းရှင်းရေးတို့အတွက် ဆောင်ရွက်ပေးခြင်း၊
- ကုန်စည်ပြပွဲမှာ တင်သွင်းပြသတဲ့ ပစ္စည်းတွေကို အကောက်ခွန်ရှင်းလင်းရေးဆိုင်ရာကိစ္စနဲ့ ဆိပ်ကမ်းရှင်းလင်းရေးကိစ္စတွေ ဆောင်ရွက်ခြင်း၊
- ပြပွဲမှာ ရောင်းချတဲ့ ပစ္စည်းတွေ(One Stop Service) အဖွဲ့နဲ့ သွင်းကုန်လိုင်စင်ထုတ်ပေးရေး၊ တင်သွင်းလာတဲ့ ပြပွဲပစ္စည်းတွေ ဈေးနှုန်းမှန်ကန်မှုရှိစေရေး၊ ပြပွဲပြီးဆုံးပြီးနောက် ပြန်လည်တင်ပို့မယ့်ပစ္စည်းတွေ တင်သွင်းလာတဲ့ နိုင်ငံကို စနစ်တကျ ပြန်လည်တင်ပို့နိုင်ဖို့ ဆောင်ရွက်ခြင်း၊
- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ တည်ဆဲဥပဒေတွေကို လာရောက်ပြသတဲ့ လုပ်ငန်းရှင်တွေ၊ လေ့လာသူတွေအားလုံးက တိကျစွာလိုက်နာနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊
- ပြပွဲကျင်းပခဲ့မှုအခြေအနေ အစီရင်ခံစာကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ထံ ပြပွဲကျင်းပပြီး တစ်လအတွင်း အပြီးတင်ပြခြင်း။

### ပြသမည့်ပစ္စည်းများ တင်သွင်းခြင်း

ကုန်စည်ပြပွဲမှာ ပြသမယ့်ပစ္စည်းတွေကို အထွေထွေခွင့်ပြုမိန့် (Open General License-OGL)နဲ့ တင်သွင်းခွင့်ပြုထားပြီး ပြပွဲကျင်းပမယ့်ရက်မတိုင်မီ ကြိုတင်ရောက်ရှိရမှာ ဖြစ်ပါတယ်။ ပြပွဲပြီးဆုံးပါက သက်ဆိုင်ရာနိုင်ငံကို ပြန်လည်တင်ပို့ရမှာ ဖြစ်ပါတယ်။

ပြပွဲကာလအတွင်းနဲ့ ပြပွဲပြီးနောက် ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ လက်ဆောင်ပေးခြင်းတွေ ဆောင်ရွက်လိုရင် စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကို ကြိုတင်တင်ပြလျှောက်ထားပြီး ခွင့်ပြုချက်ရရှိမှသာ ဆက်လုပ်ခွင့်ပြုပါတယ်။ ပြပွဲမှာရောင်းချတဲ့ ပစ္စည်းတွေက တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းအရ သက်ဆိုင်ရာဌာနတွေရဲ့ စစ်ဆေးခွင့်ပြုချက်ရယူရမယ့် ပစ္စည်းဖြစ်ရင် ခွင့်ပြုချက်ရယူပြီးမှ ရောင်းချခွင့်ရှိမှာ ဖြစ်ပါတယ်။

ကုန်စည်ပြပွဲမှာ ခင်းကျင်းပြသရောင်းချဖို့အတွက် လာရောက်ပြသတဲ့ ကုန်ပစ္စည်းတွေအနက် ရောင်းချပြီးတဲ့နောက် ရောင်းချလို့မရဘဲ ကျန်တဲ့ပစ္စည်းတွေကို ကုန်စည်ပြပွဲပြီးဆုံးပြီးတဲ့နေ့ကနေ တစ်လအတွင်း သက်ဆိုင်ရာနိုင်ငံကို အပြီးပြန်လည်တင်ပို့ခြင်း၊ သက်ဆိုင်ရာဌာနတွေကို ပြန်လည်ရှင်းလင်းတင်ပြခြင်းတွေကို ဆောင်ရွက်ရပါမယ်။ ပြန်လည်တင်ပို့ရာမှာ ပို့ကုန်လိုင်စင်လျှောက်ထားဖို့ မလိုဘဲ အထွေထွေခွင့်ပြုမိန့် (Open General License-OGL) နဲ့ တင်ပို့ခွင့်ပြုပါတယ်။

ကုန်စည်ပြပွဲမှာ ရောင်းချတဲ့ပစ္စည်းတွေအတွက် ကျသင့်တဲ့ သွင်းကုန်လိုင်စင်ကြေး၊ အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နဲ့ အခြားသက်ဆိုင်တဲ့ အခွန်အခတွေကို သတ်မှတ်နှုန်းထားအတိုင်း သက်ဆိုင်ရာဌာနတွေကို မပျက်မကွက်ပေးဆောင်ရမှာ ဖြစ်ပါတယ်။

### ကုန်စည်ပြပွဲဈေးကွက်ဖော်ဆောင်ရေး

ကုန်စည်ပြပွဲ အခြေပြုစီးပွားရေးကို အိမ်နီးချင်း ထိုင်းနိုင်ငံမှာ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ ထိုင်းနိုင်ငံမှာ နိုင်ငံတကာကုန်စည်ပြပွဲစင်တာ ကိုးခုရှိပြီး နှစ်စဉ်အဓိက ကုန်စည်ပြပွဲ ၆၀ ခန့် ကျင်းပလျက်ရှိပါတယ်။ ကိုဗစ်-၁၉ ရောဂါကာလမတိုင်မီ ၂၀၁၉ ခုနှစ်စာရင်းအရ ကုန်စည်ပြပွဲကျင်းပခြင်းကနေ နိုင်ငံ GDP ရဲ့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈ ဘီလီယံ သက်ရောက်မှုရှိခဲ့ပါတယ်။ အလားတူ အရှေ့တောင်အာရှနိုင်ငံတွေဟာလည်း သူတို့နိုင်ငံတွေမှာ ကုန်စည်ပြပွဲဈေးကွက် ဖော်ဆောင်နိုင်ဖို့ ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။

**မြန်မာနိုင်ငံမှာလည်း ကုန်စည်ပြပွဲတွေကို နိုင်ငံတော် အစိုးရတွေအနေနဲ့ ခေတ်အဆက်ဆက် အားပေးမြှင့်တင်ဆောင်ရွက်ခဲ့တာကို တွေ့ရှိရပါတယ်။ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံအတွင်း ကုန်စည်ပြပွဲအခြေပြုစီးပွားရေးလုပ်ငန်းကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် ပြည်တွင်း /ပြည်ပ ကုန်စည်ပြပွဲတွေ ကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေကို ထုတ်ပြန်ထားပြီးဖြစ်တဲ့အတွက် ကုန်သည်လုပ်ငန်းရှင်တွေအနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ သော့ချက်ဖြစ်တဲ့ ကုန်စည်ပြပွဲလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသအတွင်းမှာ မြန်မာနိုင်ငံရဲ့ ဦးဆောင်မှုကို ပြသနိုင်ဖို့ပါ တိုက်တွန်းရေးသား တင်ပြလိုက်ရပါတယ်။ ။**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ဘက်စုံသုံးအင်ဂျင်အမျိုးမျိုးနှင့် ဂျင်နရေတာများ ထုတ်လုပ်သည့်စက်ရုံများ ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၂၅

**မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ဘက်စုံသုံးအင်ဂျင်အမျိုးမျိုးနှင့် ဂျင်နရေတာများထုတ်လုပ်သည့် စက်ရုံများသို့ သွားရောက်လေ့လာသည်။**

ယင်းသို့သွားရောက်လေ့လာရာ စက်ရုံရှိတာဝန်ရှိသူများက ထုတ်လုပ်ပြီး အစိတ်အပိုင်းအလိုက် တပ်ဆင်နေမှု၊ အပြီးသတ်ထုတ်ကုန်များ စမ်းသပ်စစ်ဆေးနေမှု၊ အသုံးပြုပြီး အင်ဂျင်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အသုံးပြုသူများ၏ လိုအပ်ချက်အပေါ် မူတည်၍ မော်တော်ယာဉ်၊ ရေယာဉ်နှင့် ဂျင်နရေတာများတွင် တပ်ဆင်အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသည့် မြင်းကောင်ရေအမျိုးမျိုးရှိအင်ဂျင်များ၊ မက်သနောအသုံးပြုအင်ဂျင်များ၊ သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များ၊ အဆိုပါအင်ဂျင်များနှင့် တွဲဖက်အသုံးပြုနိုင်သည့် ဂျင်နရေတာများနှင့် ၎င်းတို့၏ စွမ်းဆောင်ရည်များအား စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက နည်းပညာလွှဲပြောင်းရယူ၍ မိမိတို့၏ စက်ရုံများတွင် တပ်ဆင်ထုတ်လုပ်လိုမှု အခြေအနေ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လိုသည့်အခြေအနေ၊ မိမိတို့၏ ဝန်ထမ်းများအား စက်ရုံများသို့ စေလွှတ်၍ လုပ်ငန်းခွင်သင်တန်းအမျိုးမျိုးကို လက်တွေ့သင်ယူလိုမှု အခြေအနေများအား မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် အသုံးပြုလျက်ရှိသော ဒီဇယ်အင်ဂျင်များ၊ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်များ၊ အဆိုပါအင်ဂျင်များနှင့် တွဲဖက်အသုံးပြုသည့် ဂျင်နရေတာများမှာ သက်တမ်းကြာမြင့်စွာ အသုံးပြုလာသည်နှင့်အမျှ စွမ်းဆောင်ရည် ပမာဏကျဆင်းလာမှုနှင့်အတူ သဘာဝဓာတ်ငွေ့ လေလွင့်ဆုံးရှုံးမှုများပြားလာသည့်အတွက် အကြီးစားပြုပြင်မွမ်းမံရန် လိုအပ်လာခြင်း၊ အဆင့်မြှင့်တင်ရန် လိုအပ်လာခြင်း၊ လိုအပ်သည့် စက်အရန်ပစ္စည်းများ အချိန်မီရရှိရန် လိုအပ်ခြင်း၊ ပညာရှင်များ ကိုယ်တိုင်လာရောက်၍ ပြုပြင်ပေးရန်လိုအပ်ခြင်းတို့ကြောင့် နည်းပညာတိကျခိုင်မာပြီး သေချာမှုရှိသည့် ထုတ်လုပ်သူများနှင့်တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်လိုသည့်အတွက် နည်းပညာနှင့် မူပိုင်ထုတ်လုပ်ခွင့် ရရှိထားသော နိုင်ငံပိုင်စက်ရုံများကို သွားရောက်လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





## စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**စစ်တွေ အောက်တိုဘာ ၂၅**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များ၊ လောကာနန္ဒာစေတီတော်မြတ်ကြီးရင်ပြင်တွင် တည်ထားပူဇော်လျက်ရှိသည့် မာရဝိဇယဆင်းတုတော်၊ အဘယရာဇမုနိဆင်းတုတော်များနှင့် ရေးဟောင်းသမိုင်းဝင် အောင်စကြာမုနိ ဘုရားအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဦးရဲတင့် ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးအား ကြည့်ရှုစစ်ဆေး

**ကိုကိုးကျွန်း အောက်တိုဘာ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ နံနက် ၁၁ နာရီတွင် ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းရေးရာကိစ္စများ စနစ်တကျ ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် မြို့နယ်စာကြည့်တိုက်ခန်းမကို ကြည့်ရှုစစ်ဆေးပြီး စာဖတ်သူတိုးပွားရေး အလေးထားဆောင်ရွက်သွားရန်နှင့် သတင်းစာများ အချိန်မီဖြန့်ဝေနိုင်ရေး မှာကြားသည်။

ထို့နောက် မြို့နယ်ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် မုန့်များထောက်ပံ့ပေးခဲ့သည်။

**ထွန်းထွန်းဇော်**



## မြစ်သားမြို့နယ်၌ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မြစ်သား အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါး စိုက်ပျိုးခြင်းသည် ကျေးလက်နေပြည်သူများ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် နှင့် အသင်းတောင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ရွှေလေးကျေးရွာရှိ ရွှေလေးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ မိုးစပါးစိုက်ပျိုးသည့် အသင်းသားတောင်သူ ဦးအောင်ဇော်မိုး၏ ကွင်းအမှတ်(၅၈၅)၊ ဦးပိုင်အမှတ် (၆၅/၅) စိုက်ဧက သုံးဧကတွင် မိုးစပါးစိုက်ပျိုးထားသည့် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့သည်။



ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိက ယခုနှစ်မိုးစပါးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိုးစပါးစိုက်ဧကအားလုံး ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်း ပြည့်မီရေး အသင်းသားတောင်သူများက မိမိတို့၏လယ်ယာမြေများ ယခင်နှစ်များထက် စပါးအထွက်နှုန်း ပိုမိုကောင်းမွန်လာစေရန်နှင့် အဖျက်ပိုးများအန္တရာယ် ကာကွယ်နိုင်ရေးအတွက် ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးနှင့် မြေဩဇာစသည့် သွင်းအားစုများကို နည်းစနစ်မှန်ကန်စွာ စံချိန်စံညွှန်းများအတိုင်း အသုံးပြုကြရန်၊ ယခုအချိန်သည် အနှံထွက်ချိန်ဖြစ်၍ မြေဩဇာကျွေး လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားသည်။ **ဝါဝါမြင့်(မြစ်သား)**

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်နိုင်

နေပြည်တော် အောက်တိုဘာ ၂၅

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြိုတင်သတိပေးထားသည်။

မြန်မာ့အလင်း

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားရုံများနှင့် ရုံးအဆောက်အအုံများ ပြန်လည်ပြုပြင်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၅**

အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ကော်မတီအဖွဲ့ဝင်များဖြစ်သည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် အားကစားရုံများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံနှင့် အလုပ်သမားဝန်ကြီးဌာန ရုံးအဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်နေသည့် အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် အဖွဲ့ဝင်များသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့ သွားရောက်၍ Football Stadium ၊ Indoor Stadium နှင့် ရေကူးကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဝဏ္ဏသိဒ္ဓိအားကစားကွင်းသည် နိုင်ငံတကာအဆင့်မီ အားကစားကွင်းဖြစ်သည့်အတွက် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျဖြင့် အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်သွားရန်၊ အားကစားကွင်းနှင့် အားကစားရုံများသည် နိုင်ငံ၏ အားကစားကဏ္ဍများတွင် အထောက်အကူပြုသည့် နေရာများဖြစ်သည့်အတွက် ပြင်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဦးစားပေးအလိုက် ဆောင်ရွက်သွားရန်၊ ရေရှည်ခိုင်ခံ့တည်တံ့စေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် နည်းပညာကျွမ်းကျင်သူများနှင့် ပူးပေါင်းပြီး ပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်သွားရန်၊ အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အသုံးပြုသွားရန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အဆောက်အအုံအမျိုးအစားနှင့် ပျက်စီးမှုပုံစံအလိုက် ပြန်လည်ပြုပြင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့် (Standard Operation Procedure – SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်တို့ကို မှာကြားကာ လုပ်ငန်းခွင်အတွင်း ဆောင်ရွက်နေသည့် အခြေအနေတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံသို့ သွားရောက်၍ အဆောက်အအုံ ပြန်လည်ပြုပြင်နေသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ယခုအဆောက်အအုံသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုကြီးမားခဲ့သော အဆောက်အအုံများစာရင်းတွင် ပါဝင်သည့်အတွက် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့မှုရှိစေရန်နှင့် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံဖြစ်စေရေးအတွက် ငလျင်ဆိုင်ရာ ပညာရှင်များ၊ ဆောက်လုပ်ရေးဆိုင်ရာ ပညာရှင်များ၏ အကြံဉာဏ်များရယူခြင်း၊ အရည်အသွေးစစ်ဆေးခြင်းများ စနစ်တကျဆောင်ရွက်ရန်တို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာနသို့ သွားရောက်၍ ဝန်ကြီးရုံးအဆောက်အအုံနှင့် ရုံးပတ်လမ်း မြေထိန်းနံရံထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြုပြင်နေမှု၊ လမ်းသားနိမ့်ကျွံသွားသော နေရာတွင် မြေသားပြုပြင်၍ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် မြေထိန်းနံရံ ထပ်မံပြိုကျမှု မဖြစ်ပေါ်စေရေး Bore Pile ဖြင့် ကျောက်စီမြေကာနံရံ အသစ်တည်ဆောက်နေမှုအခြေအနေတို့ကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြုပြင်တည်ဆောက်နေခြင်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးစေရန်၊ အရည်အသွေးကောင်းမွန်စေရန်တို့အတွက် ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေးအတွက်ရေမြောင်းများကို စစ်ဆေးဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြ

**မိုင်းယောင်း အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးဖြစ်ထွန်းမှု စံကွက်ရိတ်သိမ်းခြင်း ကွင်းလက်တွေ့ သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ဝမ်ဘိုးကျေးရွာ ကွင်းအမှတ်(၁၂) ဦးပိုင်/၇ တောင်သူ ဦးစိုင်းသီဟ၏ လယ်မြေ ၆ ဒသမ ၁၀ ဧက၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝေမောင်က အမှာစကားပြောကြား၍ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်မိုးက မြို့နယ်အတွင်း လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးမှု အခြေအနေနှင့် ဆောင်ရွက်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများအားစိုက်ပျိုးရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော ဆင်းကေရီ (၃) စိုက်ခင်းကို စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် အစိုတင်း ၁၇၀၊ အခြောက် ၁၄၅ တင်း ထွက်ရှိသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အခြေခံပညာနှင့် စက်မှုစိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ တောင်သူများ စုစုပေါင်း ၈၃ ဦး တက်ရောက်ကြကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**

## မိုင်းခတ်မြို့နယ်၌ မိုးစပါးအောင်နိုင်တိုး(YSR–1)စံပြစိုက်ကွက်ရိတ်သိမ်း

**မိုင်းခတ် အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်၌ စိုက်ပျိုးထားသော မိုးစပါးအောင်နိုင်တိုး(YSR–1)စံပြစိုက်ကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက်ပိုင်းက ဝမ်ခုတ်ကျေးရွာအုပ်စု ပင်းကွေ့ကျေးရွာ ကွင်းအမှတ် ၂၈ ကုန်းမွန်အနောက်ကွင်းရှိ တောင်သူဦးအိုက်ဆမ်၏ ဦးပိုင်အမှတ်(၈) ဧရိယာ ၂ ဒသမ ၃၄ ဧက၌ ဆောင်ရွက်သည်။



အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟန်ဝင်းလတ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဇော်ဇော်လင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးယုမောင်နှင့်ဝန်ထမ်းများ၊ ဝမ်ခုတ်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြပြီး အောင်နိုင်တိုး မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် အထွက်နှုန်းတင်း ၈၉ ဒသမ ၃၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**နန်းနွယ်နီ(ပြန်/ဆက်)**

## ဆင်ပေါင်ဝဲမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆင်ပေါင်ဝဲမြို့နယ်ရှိ ဌာနဆိုင်ရာရုံးများ၊ ဘုန်းတော်ကြီး ကျောင်းများ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာ မွန်စိုးရီ ဦးဆောင်၍ သူနာပြု ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများက ဌာနဆိုင်ရာရုံးများရှိ နိုင်ငံ့ဝန်ထမ်းများ၊ ပင်စင်လာရောက်ထုတ်ယူသည့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ၊ ဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်၊ သံဃာတော်များအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း (ဆင်ပေါင်ဝဲ)**

## ဓနုဖြူမြို့နယ်၌ ကော်ဖီပျိုးပင်ပေးအပ်ပွဲနှင့် စိုက်ပျိုးပွဲကျင်းပ

**ဓနုဖြူ အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် ကော်ဖီပျိုးပင်ပေးအပ်ပွဲနှင့် စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ညောင်ချောင်းကျေးရွာအုပ်စု မဟာပုခန်းကျောင်းဝင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စိုက်တိုးမြှင့်အဖွဲ့ဝင်များက ဒေသခံပြည်သူများအား ကော်ဖီပျိုးပင်များ ပေးအပ်ခဲ့ပြီး သတ်မှတ်နေရာများ၌ ကော်ဖီပျိုးပင် ၄၃၅ ပင်ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## ထန်းတပင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်း ကွင်းဆင်းဆောင်ရွက်

**ထန်းတပင်(ရန်ကုန်) အောက်တိုဘာ ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးမှဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး တူးချောင်းကျေးရွာအုပ်စုနှင့် ပရွတ်ကျေးရွာအုပ်စုသို့ ယနေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးခင်ဆွေနှင့် ဝန်ထမ်းများက တူးချောင်းကျေးရွာအုပ်စုနှင့် ပရွတ်ကျေးရွာအုပ်စု အတွင်းရှိ အသက်(၁၈)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မရှိသည့် ကျေးရွာနေ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ချစ်စဖွယ်ပန်ဒါတွေနဲ့ သူတို့ရဲ့ဇာတိအိမ်

ခင်ရတနာ

**လေးလံတဲ့ခန္ဓာကိုယ်ကြီးကိုမနိုင့်တနိုင်သယ်ပိုးရင်း အဖြူနဲ့အမည်းကွက်ကျား ဝက်ဝံတွေဟာ လူတွေရဲ့ စိတ်နှလုံးကို များစွာဖမ်းစားနိုင်ပါတယ်။ သူတို့ကို ပန်ဒါလို့ခေါ်ကြပြီး ဝက်ဝံတွေအားလုံးမှာ ချစ်စရာအကောင်းဆုံး ဝက်ဝံမျိုးစိတ်လေးတွေဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ပန်ဒါကောင်ရေစုစုပေါင်း ၂၀၀၀ နီးနီးလောက်ရှိမယ်လို့ ခန့်မှန်းထားကြပြီး သူတို့ဟာ မျိုးသုဉ်းပျောက်ကွယ်လုနီးနေတဲ့ အနီရောင်အဆင့်မျိုးစိတ်တစ်ခုအဖြစ် ကုလသမဂ္ဂက သတ်မှတ်ထားခြင်းခံရပါတယ်။ အဲဒီပန်ဒါလေးတွေရဲ့ မူရင်းဒေသကတော့ တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်မှာ ဖြစ်ပါတယ်။**



စီချွမ်ပြည်နယ်ဟာ ကုန်းတွင်းပိတ်ပြည်နယ်ဖြစ်ပြီး မြန်မာနိုင်ငံနဲ့လည်း ရင်းနှီးတဲ့ ပြည်နယ်လို့ဆိုနိုင်ပါတယ်။ ရှမ်းကုန်းပြင်မြင့်နဲ့ ယူနန်ပြည်နယ်ဟာ ဆက်စပ်နေပြီး ယူနန်နဲ့ကပ်လျက်မှာတော့ စီချွမ်ပြည်နယ်တည်ရှိပါတယ်။ စီချွမ်ပြည်နယ်လို့ဆိုလိုက်ရင် ပန်ဒါဝက်ဝံတွေရဲ့ ဇာတိအဖြစ် လူသိများသလို တရုတ်နိုင်ငံရဲ့ နာမည်ကျော် ဟော့ပေါ့ အစားအစာမြို့အဖြစ်လည်း ကျော်ကြားပါတယ်။ ဒါ့အပြင် စီချွမ်ရဲ့အစားအစာတွေအားလုံးနီးပါးမှာ အစပ်အရသာပါဝင်တာမို့ အစပ်အစားနိုင်ဆုံး ပြည်နယ်အဖြစ်လည်း နိုင်ငံတကာက သတ်မှတ်ထားကြပါတယ်။

ပန်ဒါလေးတွေအကြောင်းဆက်ရရင် ပန်ဒါဝက်ဝံလေးတွေကို ကမ္ဘာမှာ Giant Panda လို့ခေါ်ဆိုကြပါတယ်။ သူတို့လေးတွေရဲ့ ၃၀ ရာခိုင်နှုန်းကျော်ဟာ စီချွမ်ပြည်နယ်မှာရှိတဲ့ ပန်ဒါဘေးမဲ့တောရေိယာမှာ ရှင်သန်နေထိုင်ကြပါတယ်။ အဲဒီမှာ ကမ္ဘာကျော်တဲ့ ပန်ဒါတွေ အများအပြားတွေ့ရပြီး ဟက်တာကိုးသိန်းကျော်ကျယ်ဝန်းပါတယ်။ တောတောင်တွေ၊ သဘာဝရှုခင်းသာပန်းခြံ ကိုးခုနဲ့ သဘာဝဘေးမဲ့တော ခုနစ်ခုတို့ ပါဝင်တည်ရှိပြီး ပန်ဒါတွေနေထိုင်ဖို့ အပူပိုင်းသစ်တောတွေနဲ့ သစ်ပင်ပန်းပင်မျိုးစိတ် ၆၀၀၀ ကျော်အပြင် သားရိုင်းတိရစ္ဆာန်အချို့လည်းရှိပါတယ်။ ဒါကြောင့် ကမ္ဘာပေါ်က ရက္ခဗေဒ အကြွယ်ဝဆုံးနေရာအဖြစ် ယူနက်စကိုက ၂၀၀၆ ခုနှစ်မှာ ကမ္ဘာ့အမွေအနှစ်ဒေသစာရင်း ထည့်သွင်းထားခဲ့ပါတယ်။

ပန်ဒါတွေဟာ ဝက်ဝံမျိုးစိတ်ဖြစ်တာကြောင့် အသားစားသတ္တဝါလို့ ဆိုနိုင်ပေမယ့် သူတို့ရဲ့ ၉၀ ရာခိုင်နှုန်းသော အစာက ဝါးပင်အနုတွေနဲ့ ဝါးရွက်တွေဖြစ်ပါတယ်။ ထူးခြားတဲ့ အမြီးငုတ်တိုလေးတွေ၊ မျက်စိမှာ အဖြူအမည်းအကွင်းပါဝင်ပြီး လူသားနဲ့ ရင်းနှီးကျွမ်းဝင်မှုရှိတဲ့ ပန်ဒါတွေဟာ အရွယ်ရောက်တဲ့အခါ အရပ်ငါးပေကျော်ပြီး ပေါင် ၂၀၀ ကျော်လောက်ရှိလာပါတယ်။ ခန္ဓာကိုယ်အလေးချိန်ကြောင့် နှေးကွေးလေးလံနေကြပေမယ့် သစ်ပင်တက်ကျွမ်းကျင်ပြီး တောင်ပေါ်ကိုလည်း အမြင့်ပေ ၁၃၀၀၀ ကျော်လောက်အထိ တက်နိုင်သလို ရေကူးလည်း ကျွမ်းကျင်ကြသူတွေပါ။ သူတို့ရဲ့ တစ်နေ့တာကို အိပ်ချိန် ၁၀ နာရီလောက် သတ်မှတ်ပြီး ကြုံတဲ့နေရာတိုင်းမှာလည်း ခဏမေး တတ်ကြသူတွေပါ။ အစာကို တစ်နေ့ ကီလို ၂၀ လောက် စားနိုင်ကြပြီး သူတို့အကြိုက် ဝါးပင်တွေဟာ အာဟာရဓာတ်ကြွယ်ဝမှုမရှိလို့ များများစားကြရပါတယ်။ အစားကြီးသူတွေလို့ ပြောလို့ရပေမယ့် ၁၂ နာရီအတွင်း သူတို့ကိုယ်အလေးချိန်ရဲ့ ၁၅ ရာခိုင်နှုန်းကို ပုံမှန်စားသုံးနိုင်မှ ရှင်သန်နိုင်ကြမှာဖြစ်လို့ စားနေကြရတာပဲ ဖြစ်ပါတယ်။

**❝ ပန်ဒါတွေဟာ ဝက်ဝံမျိုးစိတ်ဖြစ်တာကြောင့် အသားစားသတ္တဝါလို့ ဆိုနိုင်ပေမယ့် သူတို့ရဲ့ ၉၀ ရာခိုင်နှုန်းသော အစာက ဝါးပင်အနုတွေနဲ့ ဝါးရွက်တွေဖြစ်၊ ထူးခြားတဲ့ အမြီးငုတ်တိုလေးတွေ၊ မျက်စိမှာ အဖြူအမည်းအကွင်း ပါဝင်ပြီး လူသားနဲ့ ရင်းနှီးကျွမ်းဝင်မှုရှိတဲ့ပန်ဒါတွေဟာ အရွယ်ရောက်တဲ့အခါ အရပ်ငါးပေကျော်ပြီး ပေါင် ၂၀၀ ကျော်လောက်ရှိ၊ ခန္ဓာကိုယ်အလေးချိန်ကြောင့် နှေးကွေးလေးလံနေကြပေမယ့် သစ်ပင်တက်ကျွမ်းကျင်ပြီး တောင်ပေါ်ကိုလည်း အမြင့်ပေ ၁၃၀၀၀ ကျော်လောက်အထိ တက်နိုင်သလို ရေကူးလည်းကျွမ်းကျင်၊ သူတို့ရဲ့ တစ်နေ့တာကို အိပ်ချိန် ၁၀ နာရီလောက်သတ်မှတ်ပြီး ကြုံတဲ့နေရာတိုင်းမှာလည်း ခဏမေးတတ်၊ အစာကို တစ်နေ့ကီလို ၂၀ လောက်စားနိုင်ကြပြီး သူတို့အကြိုက် ဝါးပင်တွေဟာ အာဟာရဓာတ်ကြွယ်ဝမှုမရှိလို့ များများ စားကြရ၊ အစားကြီးသူတွေလို့ပြောလို့ရပေမယ့် ၁၂ နာရီအတွင်း သူတို့ကိုယ်အလေးချိန်ရဲ့ ၁၅ ရာခိုင်နှုန်းကို ပုံမှန်စားသုံးနိုင်မှ ရှင်သန်နိုင်ကြမှာဖြစ်လို့ စားနေကြရတာပဲဖြစ် ❞**

ဒီတစ်ပတ်မှာ တရုတ်နိုင်ငံရဲ့ မီဒီယာအစီအစဉ်မှာပါဝင်ကြတဲ့ အာရှ-ပစိဖိတ်ဒေသက သတင်းထောက် ၂၃ ဦးဟာ စီချွမ်ပြည်နယ်ကို အလည်အပတ်သွားရောက်ခဲ့ကြပြီး မြို့တော် ချန်ဒူးမြို့အနီးက Chengdu Research Base of Giant Panda Breeding ကို သွားရောက်လည်ပတ်ခဲ့ကြပါတယ်။ အဲဒီနေရာဟာ ပန်ဒါမျိုးပွားခြင်းဆိုင်ရာ သုတေသနအခြေစိုက်စခန်းတစ်ခုဖြစ်ပြီး သစ်ပင်ပန်းမန်နဲ့ တိရစ္ဆာန်မျိုးစိတ် ၇၀၀ ကျော်လောက်ကို ထိန်းသိမ်းထားတဲ့ နေရာဖြစ်ပါတယ်။ ကမ္ဘာ့အကြီးဆုံး ပန်ဒါမျိုးတွေကို ထိန်းသိမ်းထားပြီး ကမ္ဘာ့အကြီးဆုံး ပန်ဒါ ၁၆၀ ကျော်နဲ့ ပန်ဒါ ၂၄၄ ကောင်နဲ့အထက် ရှင်သန်နေထိုင်ကြပါတယ်။ နှစ်စဉ် ကမ္ဘာတစ်ဝန်းနဲ့ ပြည်တွင်းက ခရီးသွားတွေ လာရောက်လည်ပတ်ကြပြီး လူဦးရေ ၁၁ သန်းကျော်လောက် ဝင်ရောက်လေ့လာကြတဲ့နေရာ ဖြစ်ပါတယ်။

ပန်ဒါတွေဟာ တစ်ခါ သားပေါက်ရင် တစ်ကောင်ကနေ နှစ်ကောင်သာ ပေါက်ဖွားပြီး ပုံမှန်အားဖြင့် တစ်ကောင်သာ အသက်ရှင်ပါတယ်။ မွေးပြီး ရှစ်ပတ်အထိ မျက်စိမဖွင့်နိုင်သေးပေမယ့် မိခင်နို့ကို တစ်နေ့ကို အကြိမ် ၁၄ ခါလောက် သောက်စို့ကြတဲ့အတွက် လျှင်လျှင်မြန်မြန်ပဲ ကြီးထွားလာကြပါတယ်။ သူတို့ဟာ ပုံမှန်အားဖြင့် တစ်ကောင်တည်း နေထိုင်တတ်ပြီး သူတို့အချင်းချင်း ဆက်သွယ်မှုတွေမှာ အသံပေးတာ၊ သစ်ပင်မှာ ကျင်ငယ်ချန်ရစ်ထားတာတွေနဲ့ဆက်သွယ်ကြပါတယ်။ ဆောင်းမခိုကြဘဲ ပူနွေးတဲ့နေရာတွေကို လိုက်လံရှာဖွေနေထိုင်တတ်ကြတဲ့ သတ္တဝါတွေ ဖြစ်ပါတယ်။

အဲဒီမှာ ပန်ဒါတွေရဲ့သဘာဝ၊ သူတို့ရဲ့ နေထိုင်သွားလာမှုနဲ့ မျိုးပွားမှုတွေကို လေ့လာခွင့်ရသလို ပန်ဒါလေးတွေရဲ့ ချစ်စဖွယ်ပုံစံအမျိုးမျိုးကိုလည်းမြင်တွေ့ရပါတယ်။ ဒီနေရာက ပန်ဒါမျိုးပွားခြင်းနဲ့ အလေ့အထတွေကို သုတေသနအခြေစိုက်လုပ်ငန်းတွေ ပြုလုပ်ရာဖြစ်လို့ ကုလသမဂ္ဂရဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ Global 500 ကို နှစ်ကြိမ်တိုင် ဆွတ်ခူးထားရှိတယ်လို့သိရပါတယ်။ ၂၀၀၉ ခုနှစ်အထိ အချက်အလက်တွေအရ တရုတ်နိုင်ငံပြင်ပ နိုင်ငံပေါင်း ၂၀ လောက်မှာ ပန်ဒါတွေ ရှိနေကြသေးပြီး ကမ္ဘာပေါ်မှာ ပန်ဒါ စုစုပေါင်း ၂၀၀၀ နီးနီးလောက်ပဲ ကျန်ရှိတာမို့ ထိန်းသိမ်းစောင့်ရှောက်ပေးတဲ့ အနေနဲ့ တရုတ်နိုင်ငံက အခုလိုဆောင်ရွက်နေတာတွေကို မြင်တွေ့ခဲ့ရတဲ့ အကြောင်း မျှဝေလိုက်ရပါတယ်။ ။





# မော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ရှမ်းကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိသံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းကုန်းပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၇ ပါးနှင့် ဒေသခံပြည်သူ ၁၃၇ ဦးတို့ကို အရိုးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်ရှိ သံဃာတော် ၁၈ ပါးနှင့် ဒေသခံပြည်သူ ၂၃၉ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ၊ ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့



တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်၌ အိမ်ခြံမြေအသိပညာပေးသင်တန်းနှင့် ဆွေးနွေးပွဲကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို)မှ ဦးဆောင်ဖွင့်လှစ်သော အိမ်ခြံမြေအသိပညာပေး သင်တန်းနှင့် AML/CFT အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက်က ပြင်ဦးလွင်မြို့နယ် မြို့တော်ခန်းမ၌ကျင်းပရာ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက အမှာစကား ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါ်မို့မို့အောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးဌေးမြင့်တို့က အမှာစကား ပြောကြားကြသည်။



ဆက်လက်၍ မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း၊ မန္တလေးတိုင်းဒေသကြီး ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး (ခ)ဆရာခေမီကိုက အမှတ်တရ စကားပြောကြားပြီး ပြင်ဦးလွင်ခရိုင် အိမ်ခြံမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဒေါက်တာစန်းလှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ အသိပညာပေး သင်တန်းသည် ပို့ချသင်ကြားပေးသော ဆရာများက စာချုပ်စာတမ်းနှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းများ၊ အိမ်ခြံမြေအကျိုးဆောင်၏ ကောင်းမွန်သော ကိုယ်ရည်ကိုယ်သွေးများ၊ AML/CFT Anti-Money၊ ငွေကြေး ခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အစရှိသော အကြောင်းအရာများကို သင်ကြားပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မန္တလေးမြို့၌ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၅**

KBZ Center Mandalay ၏ စတုတ္ထအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းနှင့်၁၁၀(မနော်ဟရီ) လမ်းထောင့် KBZ Center Mandalay တွင် ယနေ့နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။



စတုတ္ထအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲတွင် KBZ Bank များမှ ဘဏ်ဝန်ထမ်းများသာမက မိတ်ဖက်အဖွဲ့အစည်းများမှ သွေးလှူရှင်များ၊ ပြည်သူများက လာရောက်သွေးလှူဒါန်းကြသည်။

"KBZ Center Mandalay က ဒီနေ့ကျင်းပတဲ့ သွေးလှူပွဲမှာ ဘဏ်ဝန်ထမ်းတွေ၊ စင်တာက ဘော်လန်ဒီယာတွေနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေ ပါဝင်လှူဒါန်းခဲ့ကြပါတယ်။ သင့်သွေးဖြင့် အသက်ကယ်ပါဆိုတဲ့ ဆောင်ပုဒ်လိုပဲ ကျွန်တော်တို့ လှူဒါန်းလိုက်တဲ့ သွေးကြောင့် လူတစ်ယောက်ရဲ့ အသက်ကို ကယ်နိုင်မယ်ဆိုရင် အလွန်ကို ဝမ်းသာပီတိဖြစ်မိမှာပါ"ဟု သွေးလှူရှင်တစ်ဦးက ပြောကြားသည်။

ပထမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲတွင် သွေးအိတ် ၁၅၇ အိတ်၊ ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲတွင် သွေးအိတ် ၂၆၁ အိတ်၊ တတိယအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲမှ ရရှိခဲ့သည့် သွေးအိတ် ၁၀၀ နှင့် ယခုစတုတ္ထအကြိမ်မြောက် သွေးလှူဒါန်းပွဲမှ သွေးအိတ် ၈၀ ကျော်တို့ကို အမျိုးသားသွေးလှူဘဏ် (မန္တလေး) သို့ ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပွင့်ဖြူမြို့နယ်၌ မြို့ပတ်လမ်းပေါ်ရှိ လမ်းမီးတိုင်များ ပြုပြင်ထိန်းသိမ်း

**ပွင့်ဖြူ အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရန်နှင့် ပြည်သူများ စိတ်အေးချမ်းစွာ သွားလာနိုင်ရေးအတွက် ယမန်နေ့က မြို့ပတ်လမ်းပေါ်ရှိ လမ်းမီးတိုင်များတွင် သဘာဝဘေးဒဏ်ကြောင့် မီးမလင်းသည့် လျှပ်စစ်မီးသီးများကို ဖြုတ်သိမ်း၍ LED မီးသီးများဖြင့် အစားထိုးလဲလှယ် တပ်ဆင်ခြင်းနှင့် ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့် ဦးဆောင်သော ဝန်ထမ်းများအဖွဲ့က မြို့နယ်လျှပ်စစ်ရုံးမှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ မြို့ပြသန့်ရှင်းသာယာလှပရေးအတွက် မြို့ပတ်လမ်းပေါ်ရှိ လမ်းမီးတိုင်များတွင် တပ်ဆင်ထားရှိသော လျှပ်စစ်မီးသီးများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး သဘာဝဘေးဒဏ်ကြောင့် မီးမလင်းတော့သည့် လျှပ်စစ်မီးသီးများကို ဖြုတ်သိမ်းကာ LED မီးသီးများဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းကြိုးများ ကြံ့ခိုင်ကောင်းမွန်ရေးပြုပြင်ထိန်းသိမ်းခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း စသည့် ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ပန်းဘဲတန်းမြို့နယ်၌ အရေးပေါ်အသက်ကယ်ဆယ်ရေးနှင့် ရှေးဦးသူနာပြုစုနည်း သရုပ်ပြဟောပြော

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနှင့် မြို့နယ် ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ အရေးပေါ်အသက်ကယ်ဆယ်ရေးနှင့် ရှေးဦးသူနာပြုစုနည်းသရုပ်ပြဟောပြောပွဲကို ယမန်နေ့က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဇေရီခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးသိန်းလင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့မှူး ဦးအောင်ကိုဦးက သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အရေးပေါ် အသက်ကယ်ဆယ်ရေးနည်းလမ်းများကို ဆွေးနွေးပြောကြားကာ ခရိုင်ကြက်ခြေနီ တပ်ဖွဲ့မှူးဦးတင်ကိုကိုက ရှေးဦးသူနာပြုစုနည်းကို သရုပ်ပြဆောင်ရွက်ခဲ့သည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ခေတ္တဥက္ကဋ္ဌ ဒေါ်ထက်ထက်ဝင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၁၄၄ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် အောက်တိုဘာ ၂၅**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေမှ အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၄၄ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၉၈၁၃ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်အပါအဝင် မြို့နယ် ၁၆ မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း/ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကွမ်ဟိန်းမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အပါအဝင် မြို့နယ် ငါးမြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် ပြည်သူ့ဆေးရုံများတို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ ပြည်လည်းလှ။



# မြောက်ဥက္ကလာပမြို့နယ်၌ ဆွမ်းသိမ်းအောင်ပွဲနှင့် စာရေးတံမဲအလှူပွဲတော် ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် စံပြ(ဂ)ရပ်ကွက် ဥက္ကာ ၂ လမ်း ဝါတွင်း အင်္ဂါပတ် မြတ်ဒါနသာသနဒ္ဓဇမာန်၌ ဂေါပကအဖွဲ့ကကြီးမှူး၍ ခုနစ်ရက်သားသမီးများ စုပေါင်းလှူဒါန်းသော ဆွမ်းသိမ်းအောင်ပွဲနှင့် စာရေးတံမဲအလှူပွဲတော်ကို ယနေ့နံနက် ၉ နာရီက အဆိုပါသာသနဒ္ဓဇမာန်၌ ကျင်းပသည်။

ဦးစွာအခမ်းအနားကို ပင့်ဖိတ်ထားသော ဩဝါဒါစရိယဆရာတော်ကြီးများနှင့် သံဃာတော် အရှင်သူမြတ်များ၊ ဝါတွင်းအင်္ဂါပတ်မြတ်ဒါနဓမ္မာရုံဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များက နမောတဿသုံးကြိမ်ရွတ်ဆိုကြပြီး ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် မြတ်ဒါနသာသနဒ္ဓဇမာန် ဆွမ်းလောင်းဓမ္မာရုံ၏ ဩဝါဒါစရိယ-ဓမ္မဝိဟာရီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသာရဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်အရှင်သူမြတ်များက မေတ္တသုတ်အစရှိသော ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး စာရေးတံမဲအလှူများ မဲဖောက်ကာ ခုနစ်ရက်သားသမီးအလှူရှင်များက ဆရာတော်များထံသို့ စာရေးတံမဲအလှူနှင့် သီလရှင်ဆရာလေးများအား အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ယင်းနောက် ဩဝါဒါစရိယဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “ပဲခူးလေးနိုင် ပဲခူးလေးနိုင်” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျွန်းသာယာရပ်ကွက်နေ လေးနိုင်(ခ)လေးလေးနိုင်အား ည ၁၀ နာရီ မိနစ် ၄၀ တွင် ပဲခူးမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ လယ်ယာကဏ္ဍကို အခြေခံပြီး တိုးတက်အောင် ဆောင်ရွက်ရမယ်။ အဓိကကျတာ ဒီလုပ်ငန်းမှာ ပါဝင်ဆောင်ရွက်နေတဲ့ ကျေးရွာနေပြည်သူလူထုက ဆောင်ရွက်မှ ဒီကျေးရွာတွေက ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်

**ကျေးလက်နေပြည်သူလူထု၏ စုပေါင်းဆုံးဖြတ်ချက်များကို ပူးပေါင်းပါဝင်မှုအားဖြင့် အကောင်အထည်ဖော်စေပြီး ရပ်ရွာအခြေပြုကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးနည်းဗျူဟာ ဖွံ့ဖြိုးလာစေရန်၊ ကျေးရွာခေါင်းဆောင်များ၊ ကျေးရွာသူ ကျေးရွာသားများ၊ စီမံကိန်းတွင် ပါဝင်သည့် ဝန်ထမ်းများကို စွမ်းဆောင်ရည် မြင့်မားရေး သင်တန်းများပေးခြင်းဖြင့် အသိအမြင်များ ပြောင်းလဲလာပြီး စီမံကိန်းအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ စံပြကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ပြီး မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်နေသည့် နည်းလမ်းများကို ညွှန်ပြပေးနိုင်ရန် ရည်ရွယ်သည့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာ ၂၅၀ တွင် ဆောင်ရွက်လျက်ရှိသည်။**



ဒေါက်တာ ရဲတင့်ထွန်း
ညွှန်ကြားရေးမှူးချုပ်

ထိုသို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ရည်ရွယ်သည့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။ စီမံကိန်းကို ဘယ်အချိန်ကနေ စတင်ဆောင်ရွက်တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ စီမံကိန်းမှာ မြန်မာနိုင်ငံက တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ကျေးရွာပေါင်း ၁၁၀ ကို ရွေးချယ်ပြီး စတင်ခဲ့ပါတယ်။ နေပြည်တော်မှာ ကျေးရွာ ၄၀၊ တနင်္သာရီ၊ ပဲခူး၊ မွန်နဲ့ ရခိုင်မှာ ၅ ရွာစီ၊ ရန်ကုန် ၊ရှမ်း၊ ဧရာဝတီ၊ စစ်ကိုင်းနဲ့ မန္တလေးမှာ ၁၀ ရွာစီနဲ့ ကျေးရွာစုစုပေါင်း ၁၁၀ နဲ့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိမှာတော့ စီမံကိန်းကျေးရွာ ၂၅၀ ရှိလာပြီ ဖြစ်ပါတယ်။ စီမံကိန်းက ၂၀၁၂ ခုနှစ်က မြန်မာ–ကိုရီးယား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအတွက် ဆွေးနွေးမှုတွေကနေတစ်ဆင့် စတင်ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။

**မေး။ ။ စီမံကိန်းကနေတစ်ဆင့် ကျေးရွာတွေကို ဘယ်လို ထောက်ပံ့ဆောင်ရွက်နေတယ်ဆိုတာ သိရှိလိုပါတယ်။**

ဖြေ။ ။ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Korea International Cooperation Agency –KOICA) နဲ့ ပေါင်းစပ်ပြီး ကျေးရွာတစ်ရွာကို အမေရိကန်ဒေါ်လာ နှစ်သောင်းနဲ့ ညီမျှတဲ့ မြန်မာငွေကို စတင်ထောက်ပံ့ပေးပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေ ပေါင်းစပ်ပြီး အလားအလာကောင်းတဲ့ ကျေးရွာတွေကို စတင်ဆောင်ရွက်စေခဲ့ပါတယ်။ ကျေးရွာတွေမှာ ခေါင်းဆောင်တွေ ရွေးချယ်ပြီး ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို နည်းပညာပေးခဲ့ပါတယ်။ ကျေးရွာဖွံ့ဖြိုးမှုစီမံကိန်းတွေမှာ အဓိက ဆောင်ရွက်ရမယ့် ခေါင်းဆောင်မှုသင်တန်း၊ လူထုကို စည်းရုံးဆောင်ရွက်နိုင်မယ့် နည်းပညာတွေ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်တဲ့အခါ စီမံခန့်ခွဲရမယ့်ငွေကြေးတွေအတွက် ငွေကြေးစီမံခန့်ခွဲမှု သင်တန်းတွေပေးတယ်။ ကျေးရွာတွေမှာ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းဆောင်ရွက်နိုင်မယ့်အဖွဲ့တွေ ဖွဲ့ပေးပါတယ်။

**မေး။ ။ စီမံကိန်းမှာ ပါဝင်တဲ့ လုပ်ငန်းတွေကိုလည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ စီမံကိန်းမှာ ဝင်ငွေတိုးပွားရေး၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုတဲ့ လုပ်ငန်းဆောင်ရွက်မှု သုံးမျိုးရှိပြီး ထောက်ပံ့ပေးလိုက်တဲ့ ငွေကြေးအပေါ် မူတည်ပြီး ၃၅ ရာခိုင်နှုန်းကို ကျေးရွာဝင်ငွေတိုးပွားရေးကဏ္ဍမှာ ဆောင်ရွက်မယ်။ ၆၀ ရာခိုင်နှုန်းကို လူနေမှု ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ကျေးရွာသူ ကျေးရွာသားတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ နည်းပညာပေးတဲ့ သင်တန်းတွေ၊ ကျန်းမာရေး ဗဟုသုတ၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ သင်တန်းတွေကို ကျေးရွာအလိုက် လိုအပ်ချက်တွေ မတူညီတဲ့ အမျိုးမျိုးသော သင်တန်းတွေကို ကျွမ်းကျင်ပညာရှင်တွေကို ဖိတ်ခေါ်ပြီး ဆောင်ရွက်ပါတယ်။ ကျေးရွာတွေကို နှစ်အလိုက် အမှတ်ပေးတဲ့ အစီအစဉ်နဲ့ ဆောင်ရွက်ပြီး ထူးချွန်ပြောင်မြောက်အောင် ဆောင်ရွက်နိုင်တဲ့ကျေးရွာတွေကို A Grade၊ ဒီထက်တစ်ဆင့်နိမ့်ရင် တိုးတက်မှုတော့ရှိတယ်။ သတ်မှတ်ထားတဲ့ စည်းကမ်းတွေနဲ့ မညီဘူးဆိုရင် B Grade ၊ တိုးတက်ဖွံ့ဖြိုးမှုမရှိသေးရင် C Grade လို့ သတ်မှတ်ပါတယ်။ နောက်တစ်နှစ်မှာ A Grade ရတဲ့ကျေးရွာကို နောက်ထပ် အမေရိကန်ဒေါ်လာ နှစ်သောင်း ထပ်ပေးပါတယ်။ B Grade ရရင် တစ်သောင်းခွဲပေးပြီး C Grade ရရင် တစ်သောင်း ပေးပါတယ်။

တချို့ရွာတွေဆိုရင် ဦးဆောင်ဦးရွက်ပြုသူကလည်း ကောင်းမွန်တယ်။ ကျေးရွာသူ ကျေးရွာသားတွေကလည်း စိတ်ပါလက်ပါနဲ့ စည်းလုံးညီညွတ်မှု ရှိလာတယ်ဆိုတာ တွေ့ရပါတယ်။ ရန်ပုံငွေကလည်း တချို့ရွာတွေဆိုရင် ကျပ်သိန်းပေါင်း နှစ်ထောင်လောက်အထိ တိုးပွားလာတာ တွေ့ရပါတယ်။ ကျေးရွာလမ်း၊ စုပေါင်းဓမ္မာရုံ၊ ခန်းမတည်ဆောက်တဲ့ လုပ်ငန်းတွေ၊ သောက်သုံးရေအတွက် ရေတွင်းတူးပေးတာ၊ ရေစင်တည်ဆောက်ပေးတာ၊ ရေပိုက်လိုင်းသွယ်တန်းပေးတာတွေနဲ့ အမှိုက်ကင်းစင်ရေး လုပ်ငန်းတွေကိုလည်း ရန်ပုံငွေကို အသုံးပြုပြီး လူထုလှုပ်ရှားမှုအနေနဲ့ အပတ်စဉ် ဆောင်ရွက်ပါတယ်။

**မေး။ ။ ကျေးရွာသစ်လှုပ်ရှားမှု မွမ်းမံသင်တန်းတွေ ဖွင့်လှစ်နေတာနဲ့ ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ စံပြကျေးရွာတွေရဲ့ ကျေးရွာခေါင်းဆောင်အချင်းချင်း ပိုမိုထိတွေ့ပြီး လုပ်ငန်းဆောင်ရွက်မှုတွေ ဖလှယ်နိုင်စေဖို့၊ လုပ်ငန်းဆောင်ရွက်မှုအားနည်းတဲ့ ကျေးရွာတွေကို အားကောင်းတဲ့ ကျေးရွာတွေကနေ လက်တွဲခေါ်ယူဆောင်ရွက်နိုင်စေဖို့၊ ကျေးရွာအချင်းချင်း အသိပညာဖလှယ်နိုင်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုတွေ ပိုမိုအားကောင်းလာစေဖို့၊ ဝင်ငွေတိုးပွားရေးကဏ္ဍ၊ အရင်းမပျောက်မတည်ငွေတွေ ပိုမိုတိုးပွားပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေ စဉ်ဆက်မပြတ် လုပ်ဆောင်နိုင်စေဖို့၊ စံပြကျေးရွာတွေ ရေရှည်တည်တံ့စေပြီး ကျေးရွာတွေ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေဖို့ ရည်ရွယ်ပါတယ်။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆောင်ရွက်ရာမှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်ပြီး ဒါကို ရင်းနှီးမြှုပ်နှံဖို့လိုအပ်တယ်။ ဒါကြောင့် ကျေးရွာတွေကို အခြေခံပြီး ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ နောက်တစ်ခုက ထုတ်ကုန်တွေကို ကုန်ကြမ်းအဖြစ်ကနေ ကုန်ချောတန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ရောင်းချမယ်ဆိုရင် ဝင်ငွေတိုးတက်ရရှိမယ်။ ဒီလိုလုပ်ဖို့အတွက် နည်းပညာလိုရင် နည်းပညာ ပံ့ပိုးပေးပါတယ်။ ကျွမ်းကျင်ပညာရှင်တွေနဲ့ ပေါင်းစပ်ဆောင်ရွက်ပေးပါတယ်။ အသေးစားစီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း အထောက်အပံ့ကောင်းတွေ ဖြစ်စေပါတယ်။ အာလူးကြော်၊ ပဲကြော်၊ မုန့်ပဲသရေစာ၊ ဝိုင် ထုတ်လုပ်တဲ့လုပ်ငန်းစတဲ့ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်တဲ့ လုပ်ငန်းတွေမှာ ချေးငွေထုတ်ချေးပေးတယ်။ ကော်မတီက သတ်မှတ်ထားတဲ့ သက်သာတဲ့ အတိုးနှုန်းနဲ့ ချေးငွေတွေရရှိပြီး ခြောက်လတစ်ခါ အရင်းအတိုး ပြန်ဆပ်ရတာတွေ ရှိပါတယ်။ စားသောက်ကုန်လုပ်ငန်းတွေအပြင် ဆပ်ပြာဆီ၊ ခေါင်းလျှော်ရည်၊ ဦးထုပ် စသဖြင့် လူသုံးကုန် ပစ္စည်းထုတ်လုပ်တဲ့ လုပ်ငန်းတွေကိုလည်း ချေးငွေထုတ်ပေးပါတယ်။ စိုက်ပျိုးရေးလုပ်ချင်တဲ့သူတွေ၊ တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်ချင်တဲ့သူတွေကိုလည်း ချေးငွေ ထုတ်ချေးပေးပါတယ်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှာ ကျေးရွာလမ်းတွေ၊ ဓမ္မာရုံတွေ စသဖြင့် ဆောင်ရွက်ပြီးတဲ့အခါ အရင်က အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ၆၀ ရာခိုင်နှုန်း သုံးခဲ့ရာက ၅၀ ရာခိုင်နှုန်းပဲလျှော့သုံးမယ်။ ဝင်ငွေတိုးပွားရေးကဏ္ဍကို ၄၀ ရာခိုင်နှုန်းပိုသုံးမယ်လို့ ဆုံးဖြတ်တာတွေလည်း ရှိပါတယ်။ ဒါကို ကျေးရွာသူ ကျေးရွာသားတွေနဲ့ ကျေးရွာကခေါင်းဆောင်တွေ ပါဝင်တဲ့ စုပေါင်းအစည်းအဝေးတွေက ဆုံးဖြတ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက အစည်းအဝေးဖြစ်မြောက်ရေး၊ ဆုံးဖြတ်ချက်တွေ မှန်ကန်ရေး ပေါင်းစပ်ဆောင်ရွက်ပေးပါတယ်။ ဒါကြောင့် ကျေးရွာပေါင်း ၁၁၀ နဲ့ စတင်ခဲ့တဲ့ စီမံကိန်းကလည်း အောင်မြင်ခဲ့ပါတယ်။

**မေး။ ။ စီမံကိန်းက ဘယ်လိုအကျိုးကျေးဇူးတွေရရှိတယ်ဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကျေးရွာသူ ကျေးရွာသားတွေအနေနဲ့ မိမိကိုယ်ကိုယ်မိမိ အားကိုးတတ်စေဖို့၊ လုံ့လဝီရိယတွေရှိဖို့၊ ပူးပေါင်းဆောင်ရွက်တတ်စေဖို့ ရည်ရွယ်ဆောင်ရွက်ပါတယ်။ မြင်သာတဲ့ အကျိုးရလဒ်တွေအနေနဲ့ လူမှုရေးအခြေခံ အဆောက်အအုံ ဖွံ့ဖြိုးလာတာ၊ဝင်ငွေတိုးပွားလာတာတွေအပြင် မမြင်သာတဲ့ရလဒ်တွေ၊ တန်ဖိုးမဖြတ်နိုင်တဲ့အချက်တွေက ကျေးရွာသူ ကျေးရွာသားတွေ စည်းလုံးညီညွတ်လာတာ၊ အတူတူ ပူးပေါင်းဆောင်ရွက်တတ်လာတာ၊ ကိုယ့်ကျေးရွာပတ်ဝန်းကျင်မှာ အမှိုက်သရိုက်ကင်းစင်ရေးက ကိုယ့်တာဝန်၊ ကိုယ်တိုင်ဆောင်ရွက်မှရမယ်ဆိုတဲ့ အသိပညာတွေ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်လာတာ၊ အတွေးသစ် အမြင်သစ်တွေ ရှိလာတာ၊ အသင်းအဖွဲ့စိတ်ဓာတ်ရှိလာတာတွေကို တွေ့ရပါတယ်။ ဒါကြောင့် နိုင်ငံမှာ ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းတွေထဲမှာ အောင်မြင်တဲ့ စီမံကိန်းတစ်ခုဖြစ်တယ်လို့ ပြောချင်ပါတယ်။ ဒါကြောင့် ၂၀၁၉ ခုနှစ်မှာ ကိုရီးယားနိုင်ငံက ထောက်ပံ့ငွေအပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေက ရန်ပုံငွေတစ်ရပ်တည်ထောင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရရန်ပုံငွေနဲ့ ကျေးရွာပေါင်း ၃၄ ရွာ ထပ်တိုးပြီး ၂၀၂၂ ခုနှစ်မှာ ၁၄၄ ရွာမှာ ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ကိုရီးယားနိုင်ငံရဲ့ အကူအညီနဲ့ စွမ်းအားမြှင့်မီးဖိုစီမံကိန်းကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းရဲ့ ရည်ရွယ်ချက်က မြန်မာနိုင်ငံမှာ သစ်တောပြုန်းတီးမှုမဖြစ်အောင်၊ ထင်းသုံးစွဲမှု လျှော့ချနိုင်အောင် မီးဖိုထောက်ပံ့ရေးစီမံကိန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒီစီမံကိန်းမှာ မီးဖိုပေါင်း ၂၄၈၀၀၀၀ ထောက်ပံ့ခဲ့ပါတယ်။ ဒီအတွက် မီးဖိုတစ်လုံးဖြန့်ဖြူးတိုင်း တစ်ဒေါ်လာရပါတယ်။ ဒီကရတဲ့ ရန်ပုံငွေကို အသုံးပြုပြီး ကျေးရွာသစ်လှုပ်ရှားမှုအသွင်နဲ့ ထပ်မံဆောင်ရွက်ခဲ့ပါတယ်။ ယနေ့အထိ ကျေးရွာပေါင်း ၂၅၀ မှာ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းအသွင်နဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ လယ်ယာကဏ္ဍကို အခြေခံပြီး တိုးတက်အောင် ဆောင်ရွက်ရမယ်။ အဓိကကျတာ ဒီလုပ်ငန်းမှာ ပါဝင်ဆောင်ရွက်နေတဲ့ ကျေးရွာနေပြည်သူလူထုက ဆောင်ရွက်မှ ဒီကျေးရွာတွေက ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကနေ မြို့နယ်၊ ခရိုင်၊ တိုင်း ၊ နိုင်ငံ အဆင့်အထိ တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်တဲ့အတွက် ဒီလို ကျေးရွာပေါင်းများစွာ တည်ထောင်ဆောင်ရွက်နိုင်မယ်ဆိုရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

ကေတာ

PDF Game
ဆော့ကစားခြင်းကြောင့်
ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# တောင်ဆူဒန်နိုင်ငံ၌ လူပေါင်း ၉၆၀၀၀၀ ကျော် ရေဘေးသင့်မှုဖြစ်ပွား

**ကုလသမဂ္ဂ အောက်တိုဘာ ၂၅**

တောင်ဆူဒန်နိုင်ငံရှိ ပြည်နယ်ခြောက်ခုတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၉၆၀၀၀၀ ကျော်မှာ ရေဘေးသင့်မှုဖြစ်ပွားခဲ့ပြီး လူပေါင်း ၃၃၅၀၀၀ ခန့်မှာ ဘေးလွတ်ရာတိမ်းရှောင်နေကြရကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (အိုစီအိတ်ချ်အေ) က အောက်တိုဘာ ၂၄ ရက်တွင် ပြောသည်။

တောင်ဆူဒန်နိုင်ငံတွင် ပြီးခဲ့သည့်လမှစတင်ကာ ရေကြီးရေလျှံမှုများကြောင့် ကျန်းမာရေးဌာနပေါင်း ၁၄၀ ကျော် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း၊ ကာလဝမ်းရောဂါ၊ ငှက်ဖျားရောဂါများအပါအဝင် ရောဂါကူးစက်ဖြစ်ပွားမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး လူထောင်ပေါင်းများစွာအတွက် အရေးတကြီးလိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ ရရှိရန် အခက်အခဲများနှင့်လည်း ရင်ဆိုင်ကြုံတွေ့နေရကြောင်း အိုစီအိတ်ချ်အေက ပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြီးခဲ့သည့် သီတင်းပတ်အတွင်း တောင်ဆူဒန်နိုင်ငံတစ်ဝန်း သေဆုံးသူ ၁၆ ဦး အပါအဝင် ကာလဝမ်းရောဂါ ဖြစ်ပွားသူပေါင်း ၁၀၄၀၀၀ ကျော်ရှိကြောင်း၊ ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် ယခင်သီတင်းပတ်ကထက် ၁၅ ရာခိုင်နှုန်းမြင့်တက်လာကြောင်း အစီရင်ခံဖော်ပြထားသည်။ **ဆင်ဟွာ**



# ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ အန္တရာယ်ရှိသည့် မီးခိုးမြူများလွှမ်းခြုံနေ

**လာဟိုး အောက်တိုဘာ ၂၅**

ပါကစ္စတန်နိုင်ငံ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် လာဟိုးတွင် အဆိပ်အတောက်ဖြစ်စေနိုင်သည့် မြူခိုးမှုန်များ လွှမ်းခြုံနေသည့်အတွက် ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းကို ဖြစ်ပေါ်စေသည်။

အန္တရာယ်ဖြစ်စေနိုင်သည့် လေထုညစ်ညမ်းမှုကိုဖြေရှင်းရန်အတွက် အစိုးရက မြူခိုးများဖယ်ရှားပေးသော လေထုသန့်စင်ပေးသည့်စက်များကို ဖြန့်ခွဲထားသည်။ ဆွစ်ဇာလန် အခြေစိုက် လေထုသန့်ရှင်းရေး စောင့်ကြည့်ရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီ၌ လာဟိုးမြို့၏ လေထုအရေအသွေးမှာ အလွန်အန္တရာယ်များသောအဆင့်သို့ ရောက်ရှိနေသည်။

ယင်းအခြေအနေကို တုံ့ပြန်သည့်အနေဖြင့် အာဏာပိုင်များသည် လေထုသန့်စင်ရေးစက်များကို တင်ဆောင်ထားသည့် ထရပ်ကားများကို ပထမဆုံးအကြိမ်အဖြစ် အသုံးပြုခဲ့ပြီး လေထုညစ်ညမ်းမှုကို လျှော့ချရန်အတွက် လေထုထဲသို့ ရေငွေ့မှုန်များ ဖျန်းပက်ခဲ့သည်။

ဆေးရုံများတွင်မြူခိုးများ ရှုရှိုက်မိသည့်အတွက် နေမကောင်းဖြစ်သူများနှင့် ပြည့်နေကြောင်း ဒေသခံတစ်ဦးက ပြောသည်။

နှစ်စဉ် ယခုကာလသို့ ရောက်တိုင်း ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်းရှိ လာဟိုးမြို့တွင် လေထုညစ်ညမ်းမှုပြဿနာကို ပြင်းထန်စွာ ရင်ဆိုင်ရသည်။ အဓိကအကြောင်းရင်းမှာ လမ်းများပေါ်တွင် အရေအတွက်များစွာ တိုးလာသည့် ကားများမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များနှင့် လယ်သမားများက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် ရိုးပြတ်များကို မီးရှို့ရှင်းလင်းရာမှ ထွက်ပေါ်လာသည့် မီးခိုးများကြောင့် ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**






# ထိုင်းဘုရင့် မယ်တော်ကြီး သီရိခေတ် အသက် ၉၃ နှစ်တွင် ကွယ်လွန်

**ဗန်ကောက် အောက်တိုဘာ ၂၅**

ထိုင်းနိုင်ငံဘုရင့်မယ်တော်ကြီး သီရိခေတ်သည် အောက်တိုဘာ ၂၄ ရက်က ချူလာလောင်ကွန်းဘုရင် အထိမ်းအမှတ်ဆေးရုံ၌ ကွယ်လွန်သွားပြီဖြစ်ကြောင်း တော်ဝင်အိမ်တော်ဖျူရိုက ကြေညာခဲ့သည်။

ဘုရင့်မယ်တော်ကြီး၏ ကျန်းမာရေးအတွက် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၇ ရက်ကတည်းက ကြီးကြပ်ကုသပေးနေသည့်ဆရာဝန်အဖွဲ့က ဘုရင့်မယ်တော်ကြီးသီရိခေတ်သည် ဆေးဘက်ဆိုင်ရာဂရုစိုက်မှု မပြတ်လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း ဖျူရိုက ကြေညာခဲ့သည်။

သမားတော်များ၏ ပြောကြားချက်အရ ဘုရင့်မယ်တော်ကြီးသီရိခေတ်သည် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် သွေးကြောဆိုင်ရာရောဂါပိုးဝင်ခဲ့သည်ဟု သိရသည်။ သမားတော်များက ကုသမှုပေးရန် ကြိုးပမ်းခဲ့သော်လည်း ၎င်း၏အခြေအနေမှာ တဖြည်းဖြည်းယိုယွင်းလာခဲ့ကာ အောက်တိုဘာ ၂၄ ရက် ည ၉ နာရီ ၂၁ မိနစ်တွင် ကွယ်လွန်သွားခဲ့သည်ဟု သိရသည်။

ထိုင်းဘုရင် မဟာဝဇီရာလောင်ကွန်း က မယ်တော်ကြီး၏ ဈာပနအခမ်းအနားကို တော်ဝင်ထုံးတမ်းအစဉ်အလာများနှင့်အညီ အမြင့်ဆုံးဂုဏ်ပြုသည့်အနေဖြင့် ကျင်းပရန် သက်ဆိုင်ရာဖျူရိုအား ညွှန်ကြားထားသည်။ ဘုရင်ကြီးက ဝမ်းနည်းပူဆွေးခြင်းကာလကို တစ်နှစ်သတ်မှတ်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။ အဆိုပါကာလသည် တော်ဝင်မိသားစုဝင်များနှင့် နန်းတွင်းအရာရှိများအတွက် ဘုရင့်မယ်တော်ကြီးကွယ်လွန်သည့်နေ့မှစ၍ အကျုံးဝင်မည်ဖြစ်သည်။ **ဆင်ဟွာ**

## အာဖဂန်အစိုးရက ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အတည်ပြု

**ကဘူးလ် အောက်တိုဘာ ၂၅**

အာဖဂန်နစ္စတန်အစိုးရ၏ အမျိုးသားဝယ်ယူရေးကော်မရှင်အဖွဲ့သည် အဆောက်အအုံနှင့် စီးပွားရေးအခွင့်အလမ်းများကို မြှင့်တင်ရန် အာဖဂန်နီ ၃ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅၃ သန်းကျော်) တန်ဖိုးရှိ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ၂၂ ခုကို အတည်ပြုလိုက်ပြီ ဖြစ်ကြောင်းသိရသည်။

ဒုတိယဝန်ကြီးချုပ် မူလာအဗ္ဗဒူလ်ဂါနီဘာရာဒါ ဦးဆောင်သော ကော်မရှင်အဖွဲ့သည် စီမံကိန်း ၂၂ ခုကို ခွင့်မပြုမီကဏ္ဍအသီးသီးမှ အဆိုပြုချက် ၃၃ ခုကို ပြန်လည်ဆန်းစစ်သုံးသပ်ချက်များ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ အဆိုပါ စီမံကိန်းများတွင် ရေထိန်းနံရံများ၊ ရေနုတ်မြောင်းများနှင့် ကျေးလက်လမ်းဆောက်လုပ်ခြင်းတို့ ပါဝင်ကြောင်း သိရသည်။

ထို့ပြင် ယင်းစီမံကိန်းများက ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ဖွယ်ရှိသည်။ **ဆင်ဟွာ**

# အနောက်ဘက်ကမ်းရိုးတန်း၌ ဆူဒန်ရွှေ့ပြောင်းနေထိုင်သူ ၄၉ ဦးကို လစ်ဗျား ကမ်းခြေလုံခြုံရေးအဖွဲ့က ကယ်ဆယ်

**ထရီပိုလီ အောက်တိုဘာ ၂၅**

လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီ၏ အနောက်ဘက် ၁၂၀ ကီလိုမီတာခန့်အကွာ ဇူဝါရာကမ်းရိုးတန်း၌ ဆူဒန်ရွှေ့ပြောင်းနေထိုင်သူ ၄၉ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း အောက်တိုဘာ ၂၄ ရက် နေ့လည်ပိုင်းတွင် လစ်ဗျားကမ်းခြေလုံခြုံရေးအဖွဲ့က ပြောကြားသည်။

အဆိုပါ ရွှေ့ပြောင်းနေထိုင်သူများမှာ ၎င်းတို့၏လှေပျက်သွားပြီးနောက် သောင်တင်နေသဖြင့် ထရီပိုလီမြို့ အယ်ရှာအက်ဆိပ်ကမ်းရှိ ကုန်းပေါ်သို့ ခေါ်ဆောင်ပေးခဲ့ကြောင်း အထွေထွေကမ်းရိုးတန်းလုံခြုံရေးအစိုးရအဖွဲ့က ပြောကြားသည်။

၂၀၂၃ ခုနှစ် ဧပြီလအတွင်း ဆူဒန်လက်နက်ကိုင် တပ်ဖွဲ့နှင့် အရန်အမြန် ထောက်ပံ့ရေးတပ်ဖွဲ့တို့အကြား ပဋိပက္ခဖြစ်ပွားသည့် အချိန်မှစကာ ဆူဒန်ဒုက္ခသည် ၂၄၀၀၀၀ ကျော် လစ်ဗျားနိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း၊ အဆိုပါပဋိပက္ခကြောင့် လူ သောင်းနှင့် ချီကာ သေဆုံးပြီး သန်းပေါင်းများစွာ နေရာပြောင်းရွှေ့ခဲ့ရကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ထုတ်ပြန်ထားသည်။

အလားတူ စက်တင်ဘာလအတွင်းကလည်း အများစုမှာ ဆူဒန်နိုင်ငံသားများ ဖြစ်သည့် လူပေါင်း ၇၄ ဦးကို တင်ဆောင်လာသည့် လှေတစ်စင်းမှာ လစ်ဗျားကမ်းရိုးတန်း၌ တိမ်းမှောက်ခဲ့သောကြောင့် ၃၃ ဦးသာ အသက်ရှင်ကျန်ခဲ့ကြောင်း ယူအင်န်အိတ်ချ်စီအာက ပြောကြားသည်။ **ဆင်ဟွာ**



# မိုင်းဖြတ်မြို့နယ်၌ ကျေးရွာချင်းဆက်ကျောက်ချောလမ်း ကွင်းဆင်းစစ်ဆေး



**မိုင်းဖြတ် အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ အောက်တိုဘာ ၂၃ ရက်က သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် အိုက်လုံ-အိုက်ငို့ ကျေးရွာချင်းဆက် လမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်မျိုး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာလင်း၊ စီမံကိန်း စစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမောင်မောင်မိုးဝင်း၊ တာချီလိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲလွင်တို့သည် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၉၉ ဒသမ ၆ သန်းဖြင့် လမ်းအရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၆ ပေ၊ ထုခြောက်လက်မ အတိုင်းအတာရှိ ကျောက်ချောလမ်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မိုင်းဖြတ်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန အငယ်တန်း အင်ဂျင်နီယာ-၁ (မြို့ပြ) ဒေါ်စိမ်းစိုစိုဝေနှင့်တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



မန္တလေးမြို့ မဟာအောင်မြေခရိုင် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်နှင့် ဈေးတို့တွင် မီးလောင်မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မီးချိတ်/ မီးကပ်/ သဲ/ ရေနှင့် မီးသတ်ဆေးဘူးများ ပြည့်စုံစွာထားရှိမှုကို အောက်တိုဘာ ၂၅ ရက်က တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် တပ်ဖွဲ့ဝင်များ စစ်ဆေးပြီး အသိပညာပေး ဟောပြောစဉ်။ ဇော်ဘီ

# ငါန်းဇွန်မြို့နယ်၌ နိုင်ငံသားမှတ်ပုံတင်ကတ် ကွင်းဆင်းဆောင်ရွက်



**ငါန်းဇွန် အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနရုံး ဝန်ထမ်းများသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် စာရေးများ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် အမှတ်(၄)ရပ်ကွက်၊ လောကချမ်းသာဓမ္မာရုံတို့၌ ပြည်သူများ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေဘဲ ဆန္ဒမဲပေးနိုင်စေရေးအတွက် နိုင်ငံသားမှတ်ပုံတင်ကတ် ပျောက်ဆုံး/ ပျက်စီးနေသူများအား ရပ်ကွက်/ ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**



ဆင်ပေါင်ဝဲမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှိုးဆော်ခြင်းကို အောက်တိုဘာ ၂၄ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးအရာရှိ ဦးဆန်းဝင်း၏ ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်ယာဉ်ဖြင့် လိုက်လံအသိပေး ဆောင်ရွက်စဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)

❑ *ကျော်ဖုံးမှ*

ယှဉ်ပြိုင်ကြသည့် နေပြည်တော်ဇုန်အသင်းနှင့် မန္တလေးဇုန်အသင်း ပွဲစဉ်တွင် သုံးဂိုးစီဖြင့် သရေရလဒ်ဖြင့်လည်းကောင်း ပြိုင်ပွဲပြီးစီးခဲ့သည်။

အလားတူ တက္ကသိုလ်ပေါင်းစုံ (အမျိုးသမီး) အုပ်စုပတ်လည်အဆင့် ဘောလုံးပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ M3 ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကြရာ မော်လမြိုင်ဇုန်အသင်းက ရန်ကုန်ဇုန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ကြရာ ပုသိမ်ဇုန်အသင်းက နေပြည်တော်ဇုန်အသင်းကို နှစ်ဂိုးပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိသည်။

တက္ကသိုလ်ပေါင်းစုံ (အမျိုးသား) အုပ်စုပတ်လည်အဆင့် ဘောလုံးပြိုင်ပွဲများကို အောက်တိုဘာ ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်သထုံလမ်းရှိ တက္ကသိုလ်များ ဘောလုံးကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ မော်လမြိုင်ဇုန်အသင်းနှင့် ပုသိမ်ဇုန်အသင်း၊ မကွေးဇုန်အသင်းနှင့် တောင်ကြီးဇုန်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

တက္ကသိုလ်ပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို အောက်တိုဘာ ၃၀ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်ကို နိုဝင်ဘာ ၃ ရက်တွင်လည်းကောင်း နေပြည်တော် ဇေယျာသီရိ ဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ထို့အတူ တက္ကသိုလ်ပေါင်းစုံ (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲ ပွဲစဉ်များကို အောက်တိုဘာ ၃၁ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်ကို နိုဝင်ဘာ ၃ ရက်တွင်လည်းကောင်း နေပြည်တော်ဇေယျာသီရိဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❍ *ကျော်ဖုံးမှ*

ဗဟိုချက်လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့် ဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ၂၆-၁၀-၂၀၂၅ ရက်နေ့၌ အားကောင်းသော မုန်တိုင်းငယ် (Deep Depression) အဖြစ်သို့လည်းကောင်း၊ ၂၇-၁၀-၂၀၂၅ ရက်နေ့၌ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညနေမှ ၂၇-၁၀-၂၀၂၅ ရက်နေ့အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

❖ *ကျော်ဖုံးမှ*

လိဒ်စ်အသင်းကို သွင်းဂိုးနှစ်ဂိုး ခွင့်ပြုပေးခဲ့သည့်အတွက် ပရီမီယာလိဂ်ပွဲစဉ် ကိုးပွဲကစားပြီးချိန်တွင် ခံစစ်ပိုင်းက ပေးဂိုး ၂၀ အထိရှိလာပြီး ခံစစ်အဆိုးရွားဆုံး အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပြီ ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် ခြေစွမ်းကောင်းအချို့ ပြသနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်ကို ပွဲချိန်ပြည့် ဟန့်တားနိုင်ခြင်း မရှိပေ။ အိမ်ရှင်လိဒ်စ်အသင်းက ဂိုးရရှိနိုင်သည့် အခွင့်အရေး ဖန်တီးမှု အသာနှင့်အတူ အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။

လိဒ်စ်အသင်းသည် ယခုအနိုင်ပွဲကြောင့် ဩဂုတ်လနောက်ပိုင်း ပထမဆုံးအကြိမ် အိမ်ကွင်းနိုင်ပွဲ ဖော်ဆောင်နိုင်ခဲ့သည်။ ထို့အပြင် ရလဒ်ရရှိမှုပိုင်းတွင်လည်း ကိုးပွဲကစားပြီး သုံးပွဲနိုင်၊ နှစ်ပွဲ သရေနှင့် လေးပွဲရှုံးရလဒ်ရရှိထားသည်။

ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းက ပရီမီယာလိဂ် ကိုးပွဲကစားပြီးချိန်တွင် နိုင်ပွဲတစ်ပွဲသာ ရရှိထားပြီး သရေတစ်ပွဲနှင့် ခုနစ်ပွဲရှုံး ရလဒ်ရရှိထားသည်။ လာမည့်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂ ရက်တွင် ဝက်စ်ဟမ်းအသင်းက နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ပြိုင်ဘက် လိဒ်စ်အသင်းက နိုဝင်ဘာ ၁ ရက်တွင် ဘရိုက်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၅**- မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

# တိုင်းရင်းသားကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး ထူးချွန်စွမ်းရည်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပ

**တိုက်ကြီး အောက်တိုဘာ ၂၅**

တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် တိုင်းရင်းသား ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ထူးချွန်စွမ်းရည်ပြပွဲ၊ ပြိုင်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက်က အဖျောက်မြို့ ငါးလာချောင်းကျေးရွာအုပ်စု မူလွန်(အလယ်စု)၌ ကျင်းပသည်။




ဦးစွာ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်က ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် ပညာပြည့်ဝနှလုံးလှသည့် လူငယ်များပေါ်ထွန်းလာရေး ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းရင်းသားရေးရာဝန်ကြီးက အားကစားပစ္စည်းများကို ပေးအပ်ရာ မူလွန်(အလယ်စု)မှ ကျောင်းအုပ်ဆရာကြီးက လက်ခံယူခဲ့ပြီး ကျေးရွာပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ဗိုလ်တထောင်မြို့နယ်၌ တိုင်းရင်းဆေးအကြောင်း အသိပညာပေး

**ရန်ကုန် အောက်တိုဘာ ၂၅**

ဗိုလ်တထောင်မြို့နယ်၌ မြို့နယ်တိုင်းရင်းဆေးကုဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ တိုင်းရင်းဆေးပညာ အသိပညာပေး ဟောပြောပွဲနှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းဆေးကုသခြင်း အခမ်းအနားကို အောက်တိုဘာ ၂၁ ရက်က အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း သီရိမာလာခန်းမ၌ ကျင်းပသည်။



အခမ်းအနားကို မြို့နယ် တိုင်းရင်းဆေးပညာ ဦးစီးဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်အေးချမ်းမိုးက မီးဖိုချောင်သုံးပစ္စည်းများ ဆေးဖက်ဝင်ကြောင်းနှင့်ဆေးဖက်ဝင် သစ်ပင်များအကြောင်း ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော ဆရာ ဆရာမများနှင့် ကျောင်းသူများအား ရောဂါများအခမဲ့စမ်းသပ်ပေးခြင်း၊ စမ်းသပ်တွေ့ရှိသော ချောင်းဆိုး၊ ရင်ကျပ်၊ ခေါင်းမူး၊ ခေါင်းကိုက်လူနာများ၊ ခါးနာ၊ ဇက်ကြောတက်၊ သွားနာ၊ သွားကိုက်လူနာများအား တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခဲ့သည်။

**ခင်ဝင်း(ပြန်/ဆက်)**

# မိုးစပါးရိတ်သိမ်းခြွေလှေ့မှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုအားပေး

**ကြို့ပင်ကောက် အောက်တိုဘာ ၂၅**

ကြို့ပင်ကောက်မြို့ ဂုမ္ဘကွင်းကျေးရွာမှ သမဝါယမအသင်းသား တောင်သူဦးဝင်း၏ ဆာဖိုးသာ မိုးစပါး ၁၀ ဧက ရိတ်သိမ်းခြွေလှေ့မှုကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၂၁ ရက်တွင် ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဂုမ္ဘကွင်းစိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းတွင် အသင်းသား တောင်သူ ၄၁ ဦး၏ လယ် ၂၀၆ ဧကတွင် ဆာဖိုးသာစပါးမျိုးအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းခွဲနှင့် ညီမျှသော စိုက်ပျိုးရေးသွင်းအားစုများဖြင့် အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထားကြောင်း တစ်ဧကလျှင် စပါးအစိုတင်း ၁၁၀ ထွက်ရှိ၍ ယခင်နှစ်က အထွက်နှုန်းထက် ပိုမိုထွက်ရှိကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့၌ ကျေးရွာစိုက်ပျိုးရေး သမဝါယမအသင်း မိုးစပါးစိုက်သည့် အသင်း ခုနစ်သင်းတွင် တောင်သူ ၂၃၁ ဦး၏ လယ်ဧက ၁၂၀၀ တွင် ဆာဖိုးသာနှင့် အောင်နိုင်တိုးစပါးမျိုးများ စိုက်ပျိုးထားကြောင်း သိရသည်။

**ဇေယျာထွန်း(ပြန်/ဆက်)**



# တပ်ကုန်းမြို့၌ ကျွဲ၊ နွားများ ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေးများ အခမဲ့ ထိုးနှံပေး

**တပ်ကုန်း အောက်တိုဘာ ၂၅**

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် ရပ်ကွက်၊ ကျေးရွာများတွင် ကျွဲ ၊ နွားများ ခွာနာ၊ လျှာနာရောဂါကင်းဝေးစေရန် ကျွဲ၊ နွား အကောင်ရေ ၂၄၈၂၆ ကောင် လျာထားပြီး ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခွာနာ၊ လျှာနာရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းကို အောက်တိုဘာ ၂၂ ရက်က နောင်ဘို့အိုး၊ လက်ပန်ပု၊ အင်ပင်၊ ကံကြီးကျေးရွာတို့တွင် ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။



အဆိုပါ ကာကွယ်ဆေး ထိုးနှံရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဌေးထိုက်က ကြီးကြပ်ပြီး နယ်မြေတာဝန်ခံများ၊ တိရစ္ဆာန်ကျန်းမာရေးလုပ်သားအဖွဲ့များက ရပ်ကွက်၊ ကျေးရွာအလိုက် ခွာနာ၊ လျှာနာရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ရာ ယနေ့အထိ ကျွဲ၊ နွားအကောင်ရေ စုစုပေါင်း ၃၀၉၉ ကောင် ကာကွယ်ဆေး ထိုးနှံပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# ကျွန်းလှမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**ကျွန်းလှ အောက်တိုဘာ ၂၅**

ကျွန်းလှမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး ဟောပြောပွဲကို အောက်တိုဘာ ၂၃ ရက်က ပိတောက်မြိုင်ရပ်ကွက် မူလတန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုက ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်များ၊ ကလေးအလုပ်သမားဖြစ်ရခြင်းအကြောင်း၊ ကလေးအလုပ်သမားဆိုင်ရာ ဥပဒေများအကြောင်း ပြောကြားပြီး ကလေးအလုပ်သမားပပျောက်ရေး နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံများ၊ စာအုပ်စာစောင်များကို ပြသခဲ့သည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# မိုင်းပန်မြို့နယ်၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြော

**မိုင်းပန် အောက်တိုဘာ ၂၅**

မိုင်းပန်မြို့နယ် အခြေခံပညာဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အခြေခံပညာအလယ်တန်းကျောင်း(မွေတော်)၏ ကျောင်းသားမိဘများနှင့် အောက်တိုဘာ ၂၂ ရက်က ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် အခြေခံပညာအလယ်တန်းကျောင်း (မွေတော်) ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းကွယ်က ကျောင်းသား ကျောင်းသူများအတွက် ပညာရေးအပိုင်း တိုးတက်လာစေရန် မိဘများ ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ကြောင်း၊ ကျောင်းတွင်း ကျောင်းပြင် ခိုက်ရန် ဖြစ်ပွားမှုမဖြစ်ပွားစေရန် တိုက်တွန်းပေးသင့်ကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့က ဖုန်းအသုံးပြုခြင်း၏ ဆိုးကျိုးများနှင့် ပလတ်စတစ် အသုံးပြုမှု လျှော့ချရေးအကြောင်းကိုလည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာနက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကဝမြို့နယ်၌ မိုးစပါးရိတ်သိမ်းခြွေလှေ့မှု ကွင်းဆင်းဆောင်ရွက်

**ကဝ အောက်တိုဘာ ၂၅**

ကဝမြို့နယ် တဲစုကျေးရွာမှ သမဝါယမအသင်းသားများ စိုက်ပျိုးထားသည့် အောင်နိုင်တိုး(YSR–1) စပါးရိတ်သိမ်းခြွေလှေ့မှုကို မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက အောက်တိုဘာ ၂၁ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ရိတ်သိမ်းရာတွင် တဲစုကျေးရွာ၊ တဲစုစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသား ၄၀ တို့ စိုက်ပျိုးထားသော အောင်နိုင်တိုး(YSR–1)စပါးနှင့် မော်ဘီ(၃) စပါးမျိုးများဖြစ်ပြီး သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပန်းတိုင်အထွက်နှုန်း တိုးတက်လာစေရန် ထောက်ပံ့ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**



# ဇလွန်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးထားရှိမှု ကြည့်ရှု

**ဇလွန် အောက်တိုဘာ ၂၅**

ဇလွန်မြို့နယ် တောင်ပို့တရာကျေးရွာအုပ်စု၌ ဆောင်းသီးနှံစိုက်ပျိုးထားရှိမှုကို တာဝန်ရှိသူများက အောက်တိုဘာ ၂၀ ရက်က ကွင်းဆင်းကြည့်ရှုသည်။

ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးမင်းနှင့်တာဝန်ရှိသူများက တောင်ပို့တရာကျေးရွာအုပ်စုရှိ ပြုံးပန်းတရာ စိုက်ပျိုးရေးနှင့်အထွေထွေ သမဝါယမအသင်း၏ ဆောင်းသီးနှံ (ပဲပုပ်၊ ငရုတ်) စိုက်ပျိုးသည့်တောင်သူများနှင့် တွေ့ဆုံ၍ ဆောင်းသီးနှံ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားပြီး သမဝါယမအသင်းသား ဦးစိုးခိုင်၏ စိုက်ခင်းအတွင်း ရွက်ဖျန်းဆေးပက်ဖျန်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်၌ မိုးစပါးရိတ်သိမ်းနေမှု ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၅**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက ပင်စင်စားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို အောက်တိုဘာ ၂၃ ရက်တွင် ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် အောက်တိုဘာ ၂၂ ရက်က လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာ၌ ၂၀၂၄-၂၀၂၅ ခုနှစ်မိုးစပါးရိတ်သိမ်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး**(အပေါ်ယံပုံ)** ကြောင်ရေကျေးရွာမူလတန်းလွန်ကျောင်း၌ အားကစားလေ့ကျင့်နေသည့် ကျောင်းသားများအား တွေ့ဆုံအားပေး၍ အားဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ယင်းနောက် နေပြည်တော်ကောင်စီနှင့် တာဝန်ရှိသူများသည် ရာဇသင်္ဂဟလမ်းဘေးတွင် နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် မြေအောက်ရေအသုံးပြု၍ ဆိုလာစက်ရေတင်စနစ်ဖြင့် စိုက်ပျိုးထားသည့် တောင်သူပညာပေး ဝါသီးနှံမျိုးစေ့ထုတ် စိုက်ခင်း ၁၀ ဧကကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မအူပင်မြို့နယ် သမဝါယမအသင်း၏ ဆာဖိုးသာမိုးစပါးရိတ်သိမ်း

**မအူပင် အောက်တိုဘာ ၂၅**

မအူပင်မြို့နယ် ရေလဲကလေးကျေးရွာရှိ ရွှေဖိုးသာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း၏ ဆာဖိုးသာ မိုးစပါးရိတ်သိမ်းနေမှုကို အောက်တိုဘာ ၂၃ ရက်က ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဆွေနှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုအားပေးသည်။

အဆိုပါ သမဝါယမအသင်း၏ အသင်းသားများမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေရယူ၍ စိုက်ပျိုးသည့် အသင်းသား ဦးလှအောင်၏ စိုက်ဧက ၁၆ ဧကတွင် ဆာဖိုးသာမိုးစပါးရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ပျမ်းမျှ ၁၃၉ တင်း ထွက်ရှိကြောင်း သိရသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**



## သုံးခွမြို့၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

**သုံးခွ အောက်တိုဘာ ၂၅**

ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို သုံးခွမြို့နယ် (မြို့နယ်အားကစားခန်းမ)၌ အောက်တိုဘာ ၂၄ ရက်က



ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ယာယီတိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်က အမှာစကားပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းက စိုက်ပျိုးရေးထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးနှင့် ပြည်တွင်းစားသုံးသူများ အစားအစာဘေးကင်းလုံခြုံမှုရှိရေးသည် အရေးကြီးကြောင်း၊ စိုက်ပျိုးသီးနှံများ၏ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ထွက်ရှိလာသော သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေးသည်လည်း အရေးကြီးပါကြောင်း ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းက စပါးနှင့်ပဲတီစိမ်းတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက် စမ်းသပ်ကွက်ဆောင်ရွက်ရန် ပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့် ပေါင်းသတ်ဆေးများကို တောင်သူလယ်သမားများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **စည်သူလင်း(ပြန်/ဆက်)**

## မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချနိုင်ရေး ဆွေးနွေး

**ပုသိမ်ကြီး အောက်တိုဘာ ၂၅**

ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပံသုကူခန်းမ၌ ယမန်နေ့က မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချနိုင်ရေးဆိုင်ရာ သိကောင်းစရာများ Talk Show ပြုလုပ်သည်။

အဆိုပါ Talk Showတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းသန့်က မီးခိုးမြူငွေ့နှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်း၊ မြို့၊ ရွာ၊ ရပ်ကွက်များရှိ ကွင်းပြင်များတွင် အမှိုက်မီးမရှို့စေရေး၊ ပညာပေးရေးနှင့် လယ်ယာ၊ အိမ်ခြံထွက်အမှိုက်များကို သက်သာသောနည်းစနစ်ဖြင့် ရှင်းလင်းနိုင်ရေး၊ သက်ဆိုင်ရာဌာနများပူးပေါင်း၍ နည်းပညာပံ့ပိုးပေးနိုင်ရေး စသည့်အချက်များကို ဆွေးနွေးပြောကြားသည်။ ထို့နောက် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဖြိုးစံက တောမီးလောင်မှုအကြောင်း ပညာပေးခြင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့်ဖြစ်ပေါ်လာသည့်ဆိုးကျိုးများအကြောင်း၊ ကျန်းမာရေးဆိုင်ရာပြဿနာများ၊ မီးခိုးမြူငွေ့လျှော့ချရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ ဆောင်ရွက်နေမှုများ စသည်တို့ကို ဆွေးနွေးပြောကြားခဲ့သည်။ မြို့နယ်(ပြန်/ဆက်)

## ဆီဆိုင်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြော

**ဆီဆိုင် အောက်တိုဘာ ၂၅**

ဆီဆိုင်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စုမြတ်လင်းက ကျောင်းသား ကျောင်းသူများအား စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ ပြင်ပအသိပညာဗဟုသုတလေ့လာရှာဖွေရေးနှင့် စာအုပ်စာစောင်အကြောင်းများကို အသိပညာပေး ဟောပြောသည်။ ထို့နောက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာများ၊ လူကုန်ကူးမှု အန္တရာယ်ဆိုင်ရာများ စသည့် အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် သုတရသ စာအုပ်၊ စာစောင်များကို ပြသပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ဖြူးမြို့၌ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ပြုလုပ်

**ဖြူး အောက်တိုဘာ ၂၅**

ဖြူးမြို့နယ် မြို့ပေါ်အခြေခံပညာ ကျောင်းများရှိ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိမာဟိန်းက ပြိုင်ပွဲပြုလုပ်ပေးရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပရာ ကျောင်းသားကျောင်းသူ ၂၀ က စကားပုံဆက်ပဟေဠိမေးခွန်းများ ဖြေဆိုပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများက ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## စာအုပ်စာစောင်များ လှူဒါန်း

**ချမ်းအေးသာစံ အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးရုံး၌ စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက စာအုပ်စာစောင်များ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အများပြည်သူများ လေ့လာဖတ်ရှုနိုင်စေရန်အတွက် စာအုပ်စာစောင်များလှူဒါန်းရာတွင် အောင်မြေသာစံမြို့နယ်၊ အမရပူရမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာ၊ ကျောင်းစာကြည့်တိုက်




၁၅ တိုက်အတွက် စာအုပ်၊ စာစောင် စုစုပေါင်း ၇၅၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်များကိုယ်စား စာကြည့်တိုက်မှူးတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ **ချမ်းမြေ့မောင်(ချမ်း/စံ)**

## ကိုကိုးကျွန်းမြို့နယ်၌ ကလေးများ ဉာဏစွမ်းရည်ပြိုင်

**ကိုကိုးကျွန်း အောက်တိုဘာ ၂၅** – ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်းမ၌ အောက်တိုဘာ ၂၂ ရက်က ဉာဏပြိုင်ပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အေးမြင့်သူက ဉာဏစွမ်းရည် ပြိုင်ပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အရောင်တူအရုပ်ဆက်ခြင်း၊ သစ်သားတုံးကလေးများဖြင့်အိမ်ဆောက်ခြင်း၊ စစ်တုရင်ကစားခြင်း၊ စက္ကူခေါက်ခြင်းနှင့် ကလေးတစ်ဦးချင်းစီအား စာအုပ်ဖတ်စေခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**



ထားဝယ်မြို့နယ် မီးသတ်စခန်းမှ ဦးစီးမှူး ဦးဖြိုးကိုကိုအောင်နှင့် တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို အောက်တိုဘာ ၂၄ ရက်က ဆောင်ရွက်စဉ်။ ငွေဇင်ယော်(ထားဝယ်)

## မြစ်ကြီးနားမြို့၌ ကာယဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်

**မြစ်ကြီးနား အောက်တိုဘာ ၂၅**

ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို အောက်တိုဘာ ၂၄ ရက်က မြစ်ကြီးနားမြို့ တပ်ကုန်း(အင်ဂျန်ဒုံ)ရပ်ကွက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက "အလှဆုံးပန်းများ ပွင့်ကြပြီ" တေးသီချင်းဖြင့် သရုပ်ပြဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က အမှာစကားပြောကြားသည်။

ထို့နောက် ဉာဏစွမ်းရည်ပြိုင်ပွဲ ကျပန်းနှင့် ပုံပြင်ပြောပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများက ပြိုင်ပွဲဝင်ပုံစံဖြင့် ပြန်လည်သရုပ်ပြ ယှဉ်ပြိုင်မှုများကိုလည်းကောင်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများနှင့်အတူ စာရေးဆရာ



ချစ်နိုင်(စိတ်ပညာ)၏ "လူငယ်နှင့်ဖွဲ့" စာအုပ်ဖြင့် အမြဲမပြတ်လေ့လာသင်ယူရေး စာဖတ်ဝိုင်းကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးက ကျောင်းစာကြည့်တိုက်အတွက် သုတ/ ရသ စာအုပ်စာစောင်များကို လှူဒါန်းပေးပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မာလာဝင်းနှင့် တာဝန်ရှိသူများက ထက်၊ လယ်၊ မူအဆင့် ကျပန်းစကားပြော၊ စာစီစာကုံးနှင့် ပုံပြင်ပြောပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများနှင့် စာဖတ်ဝိုင်းတွင် ပါဝင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ သရုပ်ပြအကအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **ခရိုင်(ပြန်/ဆက်)**




## ချမ်းမြသာစည်မြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**ချမ်းမြသာစည် အောက်တိုဘာ ၂၅**

ချမ်းမြသာစည်မြို့နယ်၌ လူငယ်စကားဝိုင်းကို အောက်တိုဘာ ၂၄ ရက်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တာဝန်ခံကျောင်းအုပ် ဆရာမကြီး ဒေါ်မြမြဆွေက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက ဦးဆောင်ဆွေးနွေးပြီး Grade-10 နှင့် Grade-8 တို့မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူ့အခွင့်အရေး၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် အားကစား၊ ကျား/မ တန်းတူညီမျှရေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

**ချမ်းမြေ့(ချမ်း/စည်)**

## တောင်ငူမြို့၌ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး

**တောင်ငူ အောက်တိုဘာ ၂၅**

တောင်ငူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက တောင်ငူမြို့ပေါ်



ရပ်ကွက်များနှင့် ကျေးရွာများရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို အောက်တိုဘာ ၂၄ ရက်တွင် အမှတ် (၇) ရပ်ကွက် စွယ်တော်ဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမှတ် (၇) ရပ်ကွက်ရှိ မဲဆန္ဒရှင်ပြည်သူများအား တောင်ငူမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဒုတိယဦးစီးမှူး ဒေါ်စိမ်းမို့မို့နှင့် ဝန်ထမ်းများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ကျော်နှင့်အဖွဲ့တို့က မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ မဲပေးခြင်းနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားပြီး မဲဆန္ဒရှင်ပြည်သူ စုစုပေါင်း ၁၀၀ ခန့်က မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ လက်တွေ့မဲပေးကြသည်။ **ခရိုင်(ပြန်/ဆက်)**



## ကြံခင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်မားရေး အသိပညာပေး

**ကြံခင်း အောက်တိုဘာ ၂၅**

ကြံခင်းမြို့နယ် (အမက) မြို့မမြောက်ကျောင်း၌ စာဖတ်ရှိန်မြှင့်မားရေး အသိပညာပေးလုပ်ငန်းများကို အောက်တိုဘာ ၂၄ ရက်က အဆိုပါကျောင်းရှေ့၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးတင့်က ကလေးသူငယ်များအား လူကုန်ကူးမှုအန္တရာယ်အကြောင်းကို ဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က စာဖတ်ခြင်းဖြင့်ရရှိလာမည့်အကျိုးကျေးဇူး ခုနစ်မျိုးနှင့် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မေသဇင်က မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း ဟောပြောသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မော်လမြိုင် အောက်တိုဘာ ၂၅**

မော်လမြိုင်မြို့နယ် ကော့ပေါက်၊ ကော့တွန်၊ ကော့စိန်ကျေးရွာအုပ်စုများတွင် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းတံတားလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မွန်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) မော်လမြိုင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများက အောက်တိုဘာ ၂၄ ရက်တွင် သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



## ပျဉ်းမနားမြို့နယ်၌ အခွန်ပညာပေးဆွေးနွေး



**ပျဉ်းမနား အောက်တိုဘာ ၂၅**

နေပြည်တော် ပျဉ်းမနားမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ ရက်က ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး (ကိုယ်စား) မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၁) ဗိုလ်မှူး ဝေဖြိုးနိုင်က အမှာစကားပြောကြားပြီး ပျဉ်းမနားမြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဦးက တည်ဆဲ အခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## ကွန်ဟိန်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြော

**ကွန်ဟိန်း အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့ ဝိန်းနန်းကျေးရွာ အလင်းရောင်စာကြည့်တိုက်၌ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲကို အောက်တိုဘာ ၂၄ ရက်က ဆောင်ရွက်သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခွန်ရဲထွေးက ရွာသူ ရွာသားများ အသိပညာစွမ်းရည်များ တိုးတက်မြင့်မားအောင် စာအုပ်စာပေများကို လေ့လာဖတ်ရှုရန် လိုအပ်ကြောင်း၊ စာအုပ်စာစောင်များဖတ်မှ အသိပညာဗဟုသုတ တိုးပွားမည်ဖြစ်ကြောင်း စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောသည်။

ထို့နောက် အလင်းရောင်ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သဃ်္ဃန်းကျွန်းခရိုင်၌ အရွယ်မရောက်သေးသူ ကလေးအလုပ်သမားတားဆီးကာကွယ်ရေး အသိပညာပေး

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်အရှေ့အပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ အောက်တိုဘာ ၂၄ ရက်က အရွယ်မရောက်သေးသူ ကလေးအလုပ်သမား တားဆီးကာကွယ်ရေး အသိပညာပေးစကားဝိုင်း ကျင်းပသည်။

ဦးစွာ စာရေးဆရာမောင်မောက်-ဝတ်လုံက အလုပ်လုပ်သည့် ကလေးများကာကွယ်ရန်နှင့် ကလေးအလုပ်သမားမရှိစေရန် နိုင်ငံတော်က မူဝါဒများ ချမှတ်ဆောင်ရွက်နေကြောင်း၊ အသက်(၁၄) နှစ်အောက် ကလေးများအား မည်သည့်အလုပ်မျှ ခိုင်းစေခြင်း၊ ခိုင်းစေခွင့်မရှိကြောင်း၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဥပဒေတွင် အသက် (၁၄)နှစ်အောက် ကလေးများအား မည်သည့်အလုပ်ရုံ၊ စက်ရုံ၊ အလုပ်ရုံတွင်မှာမှ ခိုင်းစေခွင့်/အလုပ်လုပ်ခွင့်မရှိကြောင်း၊ ကလေးသူငယ်ဥပဒေအရ ကလေးသူငယ်များ၏ အခွင့်အရေးအား ကာကွယ်ပေးရမည်၊ လေးစားမှုရှိရမည်၊ မနစ်နာရအောင် ကာကွယ်ပေးခြင်း လေးစားလိုက်နာမှုရှိခြင်းသည် အနာဂတ်လူငယ်အဖွဲ့အစည်းအတွက် အရေးအပါဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

**ဇော်မိုး(သဃ်္ဃန်းကျွန်း)**

## ဒိုက်ဦးမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် ကျင်းပ

**ဒိုက်ဦး အောက်တိုဘာ ၂၅**

ဒိုက်ဦးမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီး ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ကြင်ကြင်သန်းနှင့် တာဝန်ရှိသူများက စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။



ထို့နောက် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့ သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။ ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီးက အမှာစကားပြောကြားပြီး ဒိုက်ဦးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် သုတ/ရသ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းပြီး အသိပညာဗဟုသုတများ ရရှိစေရေး ဟောပြောပေးမည့် စာရေးဆရာ ဆရာမများနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)



## ကံမမြို့နယ်၌ မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြုသင်တန်းဖွင့်

**ကံမ အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး ကံမမြို့၌ မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြုသင်တန်း ဘက်ထရီထိန်းသိမ်းနည်းနှင့် အသုံးပြုနည်းသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၄ ရက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အရာရှိ ဒေါ်ဇူပန်မိုက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ပြီး အောက်တိုဘာ ၂၄ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ကျော်ဇေယျဝင်း(ကံမ)

## ကလေးမြို့ အထက(၄)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ကလေး အောက်တိုဘာ ၂၅**

ကလေးမြို့၌ လူငယ်စကားဝိုင်းကို အောက်တိုဘာ ၂၄ ရက်က အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါလူငယ်စကားဝိုင်းတွင် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထားထားမော်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရှိန်းတမ်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းမင်းအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူလေးဦးက လူငယ်နှင့်စာပေ၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့် အင်တာနက်၊ လူငယ်နှင့်စာရိတ္တခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ထွန်းမင်းအောင်(ကဘော်မြေ)

## မြိတ်မြို့၌ မိုးစပါးစိုက်ခင်းများ ရိတ်သိမ်း ကွင်းဆင်းကြည့်ရှု



**မြိတ် အောက်တိုဘာ ၂၅**

မြိတ်မြို့၌ မြစိမ်းရောင်(သမဝါယမ ကဏ္ဍ) နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဝန်ဖို့ကျေးရွာရှိ ပေါ်ဆန်းရင်လယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းများက အသင်းသားတောင်သူများ စိုက်ပျိုးခဲ့ကြသည့် မိုးစပါးစိုက်ခင်းများ ရိတ်သိမ်းခြွေလှေ့နေမှုကို မြို့နယ်သမဝါယမဦးစီးဌာနက အောက်တိုဘာ ၂၃ ရက်တွင် ကွင်းဆင်းကြည့်ရှု အားပေးသည်။

အသင်းသားတောင်သူ ၅၈ ဦး၏ မျိုးစပါးစိုက်ခင်း ၆၅၅ ဧက၌ ဆင်းသုခ၊ မှော်ဘီ၊ GW-11 မျိုးစပါး အမျိုးအစားများ စိုက်ပျိုးခဲ့ကြပြီး ယခင်နှစ်ကထက် စပါးအထွက်နှုန်း ပိုမိုရရှိခဲ့ကာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စမ်းစမ်းမိုးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြသည်။

ခိုင်ထူး(ပြန်/ဆက်)



သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အတွင်းရှိ တာဝန်ရှိသူများက ပျဉ်းမနားမြို့နယ် ရန်အောင်(၂)ရပ်ကွက် ရန်နိုင်ရပ်အတွင်း အောက်တိုဘာ ၂၄ ရက်က မီးဘေးလုံခြုံရေးစစ်ဆေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



မြောင်းမြမြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် တာဝန်ရှိသူများက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းကို အောက်တိုဘာ ၂၄ ရက်က မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ သရုပ်ပြဆောင်ရွက်စဉ်။

ဇေယျာ(မြောင်းမြ)

## အလုံမြို့နယ်၌ ဆီးချို၊ သွေးတိုးလူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**အလုံ အောက်တိုဘာ ၂၅**

အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသဇင်ခိုင် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများနှင့် ဘက်စုံသားဖွားသင်တန်းသူများသည် နိုင်ငံ့ဝန်ထမ်းအပါအဝင် ဆီးချို၊သွေးတိုးလူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို အပတ်စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးဆရာမကြီး ဒေါ်လှသိန်းယဉ်က တီဘီရောဂါနှင့်ပတ်သက်၍ ကာကွယ်ရေးနည်းလမ်းများ၊ ကုသပေးမှုများ၊ လိုအပ်သော စစ်ဆေးပေးနိုင်မှုများအကြောင်း ကျန်းမာရေးပညာပေးခြင်းကို ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ဘက်စုံသားဖွားသင်တန်းသူများက သွေးတိုးဆီးချိုလူနာများအတွက် ခုံထိုင်လေ့ကျင့်ခန်းကို လက်တွေ့သရုပ်ပြလေ့ကျင့်ပေးခြင်း၊ တီဘီရောဂါအကြောင်း ပညာပေးဗီဒီယိုပြသပေးခြင်းနှင့် လူနာများအား ကျန်းမာရေးစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။



ယောရော(မြို့နယ်ပြန်/ဆက်)



မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးစစ်နိုင်ထွန်းနှင့် ပူးပေါင်းအဖွဲ့က ဆင်ပေါင်ဝဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ငလျင်ဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်ခြင်းကို အောက်တိုဘာ ၂၄ ရက်က ဆောင်ရွက်စဉ်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

## ရွှေသောင်ယံမြို့ အထက-အုန်းချောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**ရွှေသောင်ယံ အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ အထက-အုန်းချောင်း၌ အောက်တိုဘာ ၂၃ ရက်က လူငယ်စကားဝိုင်း ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးကိုယ်စား အထက်တန်းပြဆရာမ ဒေါ်သင်းသင်းရီက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီလွင်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူ လေးဦးက လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်မူးယစ်ဆေးခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ရွှေသောင်ယံ(ပြန်/ဆက်)

# ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် အောက်တိုဘာ ၂၅**

ရောဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ဥသျှစ်ကုန်းကျေးရွာ ကံသာကျောင်းတိုက်ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တရေဝတ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၊ သက်တော် ၉၁ နှစ်၊ သိက္ခာ ၇၁ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ ၂၃-၁၀-၂၀၂၅ ရက်၊ ကြာသပတေးနေ့၊ ည ၁၀ နာရီ မိနစ် ၃၀ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ကျိုင်းတုံနှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၅**

ကျိုင်းတုံနှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် သတင်းအရ ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စု ဝိန်းကျောက်ကျေးရွာအနီးတွင် စိုးမြတ်မင်း(ခ)အားစန်း(၂၀)နှစ်၊ နောင်နွန်း (အာခါ) ကျေးရွာ မိုင်းဇင်းကျေးရွာအုပ်စု ကျိုင်းတုံမြို့နယ်နေသူ မောင်းနှင်လာသော ဆိုင်ကယ်နှင့် ဂျော်နီ(ခ) ကျာဘဲ၊ မော်ဝိန်းကျေးရွာ မိုင်းဖြတ်ကျေးရွာအုပ်စု ကျိုင်းတုံမြို့နယ် နေသူမောင်းနှင်လာသောဆိုင်ကယ် တို့အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ (ဒေသတန်ဖိုးငွေကျပ် သိန်း ၂၀၀) နှင့် ဘိန်းစိမ်း ၅၅ ဒသမ ၅ ကီလို (ဒေသတန်ဖိုးငွေကျပ် ၂၇၇ ဒသမ ၅ သိန်း) တို့ကို လည်းကောင်း၊ အလားတူ အောက်တိုဘာ ၂၂ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ပူးပေါင်းအဖွဲ့သည် သတင်းအရ ပုသိမ်ကြီးမြို့နယ် ကျောက်ချော ကျေးရွာအနီးတွင် နေဇင်လတ် (၄၈)နှစ် ရပ်ကွက်ကြီး (၈) ပြင်ဦးလွင်မြို့နယ်နေသူ မောင်းနှင်လာသော MITSUBISHI OUTLANDER အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလို (ဒေသတန်ဖိုး ငွေကျပ် ၁၄၈၅ သိန်း)နှင့် ပစ္စတိုသေနတ်တစ်လက်၊ ယင်းကျည် အတောင့် ၂၀၊ ကျည်အိမ် နှစ်ခု၊ လက်ပစ်ဗုံး နှစ်လုံးတို့ကို ဖမ်းဆီးရမိပြီး ကွင်းဆက် စစ်ဆေးချက်အရ ယင်းနေ့ ည ၁၀ နာရီခွဲတွင် ဖမ်းဆီးရမိ ဘိန်းဖြူများအား သယ်ဆောင် ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ ရဲကျော် (ခ) ကိုရဲ(၃၂)နှစ် မဲကင်းကုန်းကျေးရွာ ပုသိမ်ကြီး မြို့နယ်နေသူအား ချမ်းအေးသာစံမြို့နယ် စမွန်း ရပ်ကွက် ၃၄ လမ်းနှင့် ၈၇ လမ်း ထောင့်တွင် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်တစ်စီး နှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူ နေဇင်လတ်နှင့် ရဲကျော်(ခ)ကိုရဲတို့ကို ဖမ်းဆီးရမိသည့် ဘိန်းဖြူများ၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး





အတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ရောဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ဥသျှစ်ကုန်းကျေးရွာ ကံသာကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တရေဝတ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော် လောင်းလျာသည် ရောဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ဥသျှစ်ကုန်းကျေးရွာ ခမည်းတော် ဦးပိန် + မယ်တော် ဒေါ်စိန်လှတို့က ၁၂၉၈ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့တွင် ဟင်္သာတမြို့ မြစ်ကွေ့ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒဇ ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊ တနင်္ဂနွေနေ့တွင် မြစ်ကွေ့ကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဇကို ဥပဇ္ဈာယ်ပြု၍ ဟင်္သာတမြို့ ဦးဟုတ်ကျောင် + ဒေါ်အုန်းကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ဟင်္သာတမြို့ မြစ်ကွေ့ကျောင်းဆရာတော်နှင့် စာချဆရာတော်များ၊ ရန်ကုန်မြို့ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မသေနနှင့် စာချဆရာတော်များ၊ အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်ဆရာတော်၊ မဟာဒီပံကျောင်းတိုက် ဆရာတော်၊ အောင်မြေဘုံစံကျောင်းတိုက်ဆရာတော်၊ သာသနာ့ရုံသီပါဠိတက္ကသိုလ်ဆရာတော် စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၃၂၂ ခုနှစ်တွင် “သာသနဓဇဓမ္မာစရိယ” ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ၁၃၃၅ ခုနှစ်မှစ၍ ဥသျှစ်ကုန်းကျေးရွာ ကံသာကျောင်းတိုက်၌ ပဓာနနာယကဆရာတော်အဖြစ် စတင် သီတင်းသုံး၍ နှစ်စဉ် ဝိပဿနာတရားစခန်းများ ဖွင့်လှစ်ခြင်း၊ စာသင်သားရဟန်းသာမဏေ များကို ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ရပ်/ကျေး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ် လည်းကောင်း၊ မြို့နယ်သံဃနာယကအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ပြီး ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော လဇ္ဇီပေသလသိက္ခာကာမဂုဏ်၊ ပရိယတ္တိ ဆေကဂုဏ်၊ ပရိယတ္တိမာမကဂုဏ်၊ သာသနဓုရာဝဟဂုဏ်၊ ပိဋကတ္တယဆေကဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၆ ခုနှစ်တွင် **“အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ”** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၁ နှစ်၊ သိက္ခာ ၇၁ ဝါအရ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ ၂၃-၁၀-၂၀၂၅ ရက်၊ ကြာသပတေးနေ့၊ ည ၁၀ နာရီ မိနစ် ၃၀ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

**သတင်းစဉ်**

## မအူပင်မြို့နယ်အတွင်း စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ကွင်းဆင်းဆောင်ရွက်



**မအူပင် အောက်တိုဘာ ၂၅**

မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောခြင်းကို အောက်တိုဘာ ၂၃ ရက်က မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်သည်။

မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာထွေးနှင့် ဝန်ထမ်းများက တလုပ်လပ်အရှေ့ကျေးရွာရှိ ဘိုးရာဇာစာကြည့်တိုက်ကော်မတီအဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများအား စာဖတ်ရှိန်မြှင့်တင်ရေး၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး စာကြည့်တိုက်ကော်မတီအဖွဲ့ဝင်များနှင့်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## သထုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြော



**သထုံ အောက်တိုဘာ ၂၅**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားရွာကြီး အခြေခံပညာအလယ်တန်းကျောင်း၌ ယနေ့ မွန်းလွဲပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသားကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ဗလငါးတန်ဖွံ့ဖြိုးအောင် စာပေများဖတ်ရှုကြရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး၊ အနာဂတ်အတွက် ရည်မှန်းချက်ထားရှိကြရေး၊ အချိန်ကို စီမံခန့်ခွဲတတ်စေရေးစသည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောရာ ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ အလက (နောင်ကုလားရွာကြီး) ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## ကွမ်းခြံကုန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်



**ကွမ်းခြံကုန်း အောက်တိုဘာ ၂၅**

ကွမ်းခြံကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနား၊ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများကို အောက်တိုဘာ ၂၃ ရက်က အထက တော်ကူးကျေးရွာကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကွမ်းခြံကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးရဲတင့်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းဆွေနွယ်ဦးက စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်ကို လည်းကောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဒေါ်နွယ်နွယ်အေး က စားသုံးသူဆိုင်ရာအခွင့်အရေးများကို လည်းကောင်း၊ မြို့နယ် တိုင်းရင်းဆေး ဦးစီးဌာနမှ လက်ထောက် တိုင်းရင်းဆေးမှူး ဒေါ်အေးမြတ်စိုးက တိုင်းရင်းဆေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုနိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထိုနောက် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ဂိမ်းကစားပြိုင်ပွဲများ ဆက်လက်ကျင်းပရာ မူလတန်းအဆင့် ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဇလွန်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်

**ဇလွန် အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပစာပေ ဗဟုသုတများကြွယ်ဝစေရန်၊ လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများအား ဘက်စုံ ထူးချွန် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ညောင်ပင်သာ၌ ကျင်းပသည်။



အသိပညာပေး ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်သိန်းက ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များ ပေါ်ထွက်လာစေရေးအတွက် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဒီလွင်က ကျောင်းသားကျောင်းသူများ အားကစားကို စိတ်ပါဝင်စားလာစေရန် အားကစားပြုလုပ်ခြင်း၏ အကျိုးကျေးဇူးများ၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးသန့်ဇင်ဦးက ကျောင်းဈေးတန်းနှင့် ပြင်ပဈေးဆိုင်များတွင် ကျောင်းသားကျောင်းသူများအနေဖြင့် စားသုံးရန်မသင့်သော အစားအစာများ စားသုံးခြင်းဖြင့် ရရှိလာမည့်ဆိုးကျိုးများကို အသိပညာပေးဟောပြောခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



သံဖြူဇရပ်၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အောက်တိုဘာ ၂၅ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ထွေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စက်သုံးဆီအရောင်းဆိုင်များတွင် အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းများကြိုတင်ထားရှိမှုရှိ မရှိစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

## မြို့သစ်မြို့နယ် စွန်ဆည်အတွင်း ငါးမျိုးစိုက်ထည့်

**မြို့သစ် အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်း ငါးရိက္ခာဖူလုံမှုရှိစေရေး၊ ငါးသယံဇာတပေါများကြွယ်ဝစေရေး၊ ဆည်၊ မြောင်း၊ အင်းအိုင်များအတွင်း ငါးထုတ်လုပ်မှုတိုးတက်စေရေးအတွက် အောက်တိုဘာ ၂၃ ရက်တွင် မြို့သစ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက စွန်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့သစ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာအနီးရှိ စွန်ဆည်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်းအကောင်ရေ တစ်သိန်း၊ နှစ်လက်မအရွယ် ထိုင်းငါးခုံးမကြီးအကောင်ရေ တစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်းကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အောက်တိုဘာ ၂၅ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေး လက်တွေ့မီးငြိမ်းသတ်ခြင်းသရုပ်ပြစဉ်။

မြင့်မြင့်ရီ

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**


တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ငါးဖမ်းရေယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော်  အောက်တိုဘာ  ၂၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

